# ကြေးမုံ

The Mirror Daily

၁၉၅၇ ဖေဖော် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ သောကြာနေ့။ Friday, 30 May 2025 ၁၁၈၃၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ဒုတိယအကြိမ်မြောက် အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။

# မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပပြုလုပ်

## လှူဒါန်းမှုအနေဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၁ ဒသမ ၅၃ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၂၃၁၄၉၀၀ ရရှိ

နေပြည်တော် မေ ၂၉

မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့်ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ဒုတိယအကြိမ်မြောက် အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညွှေ့ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေများ လက်ခံသည်။

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်တွင်း ပြည်ပမှ စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့

**ယနေ့ ဖတ်စရာ**


လှျပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အစည်းအဝေး ကျင်းပ လှျပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက် စာမျက်နှာ » ၆

စွမ်းအင်ဝန်ကြီးဌာန ကမ်းလွန်စီမံကိန်းအသစ် “မင်းရဲသူ” စာချုပ်ချုပ်ဆိုခြင်း အခမ်းအနား ကျင်းပ စာမျက်နှာ » ၈

လွန်လွန်ကြူးကြူး ရှုးမူးကြသူများ ဆောင်းပါး စာမျက်နှာ » ၉

ကြေးမုံ

# တရားမဝင်ကုန်သွယ်မှုများကို ပြတ်ပြတ်သားသားတိုက်ဖျက်

"တရားမဝင်ကုန်သွယ်မှုများသည် ရာဇဝတ်ကျူးလွန်မှု၊ အကြမ်းဖက်အဖွဲ့အစည်းများအပေါ် ငွေကြေးထောက်ပံ့မှုအပါအဝင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိုပါ ထိခိုက်စေသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုကို ပြတ်ပြတ်သားသား တိုက်ဖျက်ဆောင်ရွက်သွားရန်" ၂၀၂၅ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင်ကျင်းပသည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားထားသည်။

တရားမဝင်ကုန်သွယ်မှုကို ထိရောက်စွာတိုက်ဖျက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ၂၀၂၂ ခုနှစ်မှစတင်၍ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် သုံးနှစ်နှင့်လေးလတာကာလအတွင်း ဖမ်းဆီးရမိသည့်အမှုတွဲ ၂၂၁၈၉ မှု၊ တန်ဖိုးငွေကျပ် ၅၇၆ ဒသမ ၅၄၁ ဘီလီယံ ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့သည်။ လအလိုက်ဖမ်းဆီးရမိမှုတွင် ၂၀၂၅ ခုနှစ် မတ်လတွင် အများဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ နယ်မြေလုံခြုံရေးအခြေအနေအရ နယ်စပ်ကုန်သွယ်ရေး ခေတ္တရပ်တန့်နေသည့်အချိန်တွင် တရားမဝင်ကုန်ပစ္စည်းတင်ပို့မှုနှင့် တင်သွင်းမှု များပြားလာမှုများနှင့်အတူ ဖမ်းဆီးရမိမှုများလည်း များပြားလာသည်ကို တွေ့ရသည်။

တရားမဝင်ကုန်သွယ်မှုသည် နယ်စပ်ဖြတ်ကျော် တရားမဝင်လုပ်ကိုင်မှုများဖြစ်၍ ကုန်သွယ်ဖက်အိမ်နီးချင်းနိုင်ငံများနှင့် သတင်းဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဝန်ကြီးဌာနအချင်းချင်း၊ အစိုးရအဖွဲ့အချင်းချင်းညှိနှိုင်းပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း လမ်းညွှန်ထားသည်။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံမဟာမိတ်အဖွဲ့၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်ချက်အညွှန်းကိန်းအရ နိုင်ငံပေါင်း ၁၅၈ နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့် ၁၁၇ သတ်မှတ်ထားသည်ကို တွေ့ရသည်။ ၂၀၁၈ ခုနှစ်တွင်ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့တရားမဝင်ကုန်သွယ်မှုဆိုင်ရာ ပတ်ဝန်းကျင်အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၈၄ နိုင်ငံအနက် မြန်မာနိုင်ငံသည် အဆင့် ၈၁ သာရှိသဖြင့် ၂၀၂၅ ခုနှစ်တွင် အညွှန်းကိန်းများ ပိုမိုတိုးတက်လာသည်ကိုတွေ့ရသည်။

သို့သော် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် အဆင့်(၉)သာရှိနေသည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ယခုထက် ပိုမို၍အရှိန်အဟုန်မြှင့်တင်ပြီး ပြတ်ပြတ်သားသား တိုက်ဖျက်သွားရန် လိုအပ်မည်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး နိုင်ငံပေါင်းစုံမဟာမိတ်အဖွဲ့က ထုတ်ပြန်သည့် တရားမဝင်ကုန်သွယ်မှုများ အလွန်အကြူးပြုလုပ်သည့် ကဏ္ဍ ၁၂ ရပ်တွင် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံးဓာတုပစ္စည်းများနှင့် ပိုးသတ်ဆေးများ၊ အရက်နှင့် အတုအပကုန်ပစ္စည်းများ၊ ဆေးဝါးများ၊ အဖိုးတန်သတ္တုနှင့် ကျောက်မျက်များ၊ ဆေးရွက်ကြီးကုန်စည်များ၊ လူကုန်ကူးမှုများ၊ တောရိုင်းတိရစ္ဆာန်များ ပါဝင်သည်ကိုတွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် သုံးနှစ်နှင့်လေးလတာကာလအတွင်း တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်မော်တော်ဆိုင်ကယ် အများဆုံးဖမ်းဆီးရမိသည်ကို တွေ့ရသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သွင်းကုန်ပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများနှင့် အခြားလူ့အသုံးအဆောင်ပစ္စည်းများလည်းပါဝင်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် လယ်ယာသုံးပစ္စည်းကိရိယာများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တရားဝင်လိုင်စင်များ ထုတ်ပေးထားသော်လည်း ယင်းအပေါ်ကျော်လွန်၍ ဆောင်ရွက်မှုများရှိနေသည့်အတွက် ကြပ်မတ်ထိန်းကျောင်းဆောင်ရွက်ရမည်။ တစ်ဖက်တွင် ဖမ်းဆီးထိန်းချုပ်ပြီး တစ်ဖက်တွင် မူပိုင်ခွင့်ဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေ၊ အကောက်ခွန်ဥပဒေ၊ ပို့ကုန်သွင်းကုန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူများအပါအဝင် အစိုးရ၊ လုပ်ငန်းရှင်များ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်ရာတွင် ပြည်သူများ၏ သတင်းပေးမှုများဖြင့် တစ်ဖက်တစ်လမ်းက ထိရောက်စွာဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရသည်။ ထို့ကြောင့် သတင်းပေးပြည်သူများ၏ လုံခြုံမှုနှင့် နစ်နာဆုံးရှုံးမှုများ မဖြစ်စေရန်အတွက် သတင်းလုံခြုံမှုကို သက်ဆိုင်ရာတာဝန်ရှိသူများက လျှို့ဝှက်ထိန်းသိမ်းပေးရမည်ဖြစ်သည်။ သတင်းပေးသည့်အတွက် ဖမ်းဆီးရမိမှုအပေါ်မူတည်၍ နိုင်ငံတော်က အကျိုးအမြတ်ထောက်ပံ့ပေးခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ပေးခြင်းစသည့် ခံစားခွင့်များကို ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ တရားမဝင်ကုန်သွယ်ခြင်းသည် နိုင်ငံတော်အတွက် အဘက်ဘက်တွင် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေသည့်အတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများနှင့်အတူ အစိုးရ၊ လုပ်ငန်းရှင်များ၊ စီးပွားရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးတို့က ယခုထက်ပိုမိုအရှိန်အဟုန်မြှင့်တင်၍ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းသွားကြမည်ဟု ယုံကြည်ပါကြောင်း။ ။

## ဦးအောင်မင်းဦးအား အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးယာယီတာဝန်ခံ/သံအမတ်ကြီး ဦးအောင်မင်းဦးအား အီသီယိုးပီးယားဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် မေ ၂၉ ရက်အထိ သေဆုံးသူ ၃၇၄၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၇ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၇ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

**ထောက်ပံ့လှူဒါန်း**

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၂၈ ရက် ညနေ ၅ နာရီမှ မေ ၂၉ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်နိုင်ငံ Shanghai United Cell Biotechnology Co;Ltd. မှ လှူဒါန်းသည့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး ၁၀၂ ပုံး (အလေးချိန် ၂ ဒသမ ၀၆၉ တန်) ရောက်ရှိခဲ့သည်။

အဆိုပါထောက်ပံ့သည့် ကာကွယ်ဆေးများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မေ ၂၉

ယနေ့နံနက် ၆နာရီ ၃၂မိနစ် ၂စက္ကန့်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အနောက်-အနောက်မြောက်ဘက် ၄၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မော်လိုက်မြို့၏ အရှေ့တောင်ဘက်မိုင် ၃၀ ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၅၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၈၇ ဒီဂရီ၊ အနက် ၈၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်) တာစကေး ၄ ဒသမ ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ၂၉ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၇၆၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉- ၅ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၅၀၀ | ၆,၆၀၀ | ၂,၂၆၁ | ၁၄,၆၉၅,၀၀၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၅,၁၀၀ | ၁၅,၀၄၇,၅၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၃၇၁ | ၆၆၇,၈၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁,၂၀၀ | ၃,၃၀၀,၀၀၀ |
| EFR | ၁,၅၀၀ | ၁,၅၅၀ | ၁,၃၇၅ | ၂,၀၇၇,၅၀၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၀ | ၀ |
| MAEX | ၃,၀၅၀ | ၃,၁၀၀ | ၁,၄၁၇ | ၄,၃၂၅,၂၀၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၁၅၀ | ၁ | ၃၁,၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၊ အခမ်းအနားတက်ရောက်လာကြသူများ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသည့် ပြည်သူများအတွက် ဝမ်းနည်းကြောင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အလှူငွေ ပေးအပ်လှူဒါန်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။

❂ ရှေ့ဖုံးမှ

**ဝမ်းနည်းကြောင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်**

ဦးစွာ အခမ်းအနားအစီအစဉ်အရ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသည့် ပြည်သူများအတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၊ အခမ်းအနားတက်ရောက်လာကြသူများသည် တစ်မိနစ်ငြိမ်သက်ကြသည်။

**သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခံစားခဲ့ရမှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ကြီးကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုတွင် ထိခိုက်မှုရှိခဲ့ပြီး ခြောက်ခုတွင် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ကြရကြောင်း၊ ထိုကဲ့သို့ ဘေးဒုက္ခကြုံတွေ့နေရသည့် ပြည်သူများအတွက် စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြခြင်းဖြစ်သည့်အတွက် ယနေ့အခမ်းအနားသည် မင်္ဂလာရှိသည့် အခမ်းအနားပင်ဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကြောင့် ရေကြီးရေလျှံမှု၊ မုန်တိုင်းဝင်ရောက်မှု၊ မိုးခေါင်ရေရှားမှုများအနေဖြင့် နှစ်စဉ်နှစ်တိုင်းလိုလို ဖြစ်ပွားခဲ့ပြီး ပြီးခဲ့သည့် နှစ်များအတွင်း၌လည်း ၂၀၂၃ ခုနှစ်တွင် မိုခါမုန်တိုင်းနှင့် ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ယခု ၂၀၂၅ ခုနှစ်တွင်လည်း ပြင်းအား ၇ ဒသမ ၇ ရှိသည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့သောကြောင့် နိုင်ငံတော်အနေဖြင့် ဆုံးရှုံးခဲ့ရမှုများ များစွာရှိခဲ့သကဲ့သို့ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီနှင့် မိသားစုများ၌လည်း ထိခိုက်နစ်နာဆုံးရှုံးမှုများစွာရှိခဲ့ကြောင်း။

**အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများ**

ငလျင်ကြီး ဖြစ်ပေါ်ခဲ့မှုကြောင့် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုမှာရှိသည့် ရပ်ကွက် ၃၇၄ ခု၊ ကျေးရွာ အုပ်စု ၉၄၄ စု၊ ကျေးရွာ ၂၀၈၁ ရွာ၊ အိမ်ထောင်စု ၁၆၂၁၆၇ ခု၊ လူဦးရေ စုစုပေါင်း ၅၀၆၀၆၉ ဦး ဘေးသင့်ခဲ့ပြီး သေဆုံးသူ ၃၇၃၉ ဦး၊ ပျောက်ဆုံးသူ ၆၈ ဦး၊ ဒဏ်ရာရသူ ၅၁၀၄ ဦး ရှိကြောင်း။

နေအိမ်၊ အဆောက်အအုံနှင့် အခြားထိခိုက်ပျက်စီးမှုများအနေဖြင့် လူနေအိမ် ၅၁၂၁၀ လုံး၊ လမ်းလုပ်ငန်း ၄၃၁ ခု၊ တံတား ၁၀၃ စင်း၊ ရထားလမ်းပျက်စီးနေရာ ၈၃ နေရာနှင့် ရထားလမ်းတံတား ၁၁ စင်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်း ၆၇၃၀ ခု၊ မဟာဓာတ်အားလိုင်း ၁၀ လိုင်း၊ ဓာတ်အားလိုင်းတိုင် ၃၄၃၅ တိုင်၊ ဆည်မြောင်း ၅၉၄ ခု၊ တာတမံ ခြောက်ခု၊ ဌာနအဆောက်အအုံ ၁၁၃၃၈ လုံး၊ ဆေးရုံ ၃၈၄ ရုံ၊ ဆေးခန်း ၃၆၄ ခန်း၊ ဈေးဟောင်းအဆောက်အအုံနှင့် ပြတိုက် ၁၆၆ ခု၊ အခြေခံပညာကျောင်း ၂၄၀၉ ကျောင်း၊ အဆင့်မြင့်ပညာကျောင်း ၇၂ ကျောင်း၊ ပုဂ္ဂလိက စာသင်ကျောင်း ၉၀၊ ဘုရားစေတီ ၆၄၆၉ ဆူ၊ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းနှင့် အခြားဘာသာရေးအဆောက်အအုံ ၅၅၈၈ ခု၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံ ၃၄၄ ခု၊ သီးနှံ ၇၈ ဒသမ ၅ ဧက၊ တိရစ္ဆာန်ကောင်ရေ ၁၃၃၇၀၀ ထိခိုက်ပျက်စီးခဲ့ရပြီး မူလပျက်စီးဆုံးရှုံးမှုတန်ဖိုး စုစုပေါင်းငွေကျပ် ၃၈၀၄ ဒသမ ၅၄၉ ဘီလီယံဖြစ်ကြောင်း။

**ကူညီကယ်ဆယ်ရေး၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေး နှင့် ပြန်လည်ထူထောင်ရေး**

မတ်လ ၂၈ ရက် ငလျင်လှုပ်ခတ်ပြီးချိန်၌ ငလျင်ဘေးသင့်ဒေသများနှင့် ထိခိုက်ဒဏ်ရာရလူနာများအား ဆေးရုံ၌ကုသပေးနေမှုများကို မိမိကိုယ်တိုင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း၊ ငလျင်ဘေးသင့်ဒေသများသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်မှာ ယနေ့အထိ စုစုပေါင်း ၁၅ ကြိမ် ရှိခဲ့ပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများနှင့် စီမံလမ်းညွှန်မှုများ ပေးခဲ့ကြောင်း။

ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင်လည်း အဆင့်(၅) ဆင့် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းအင်အားစုများ အပြည့်အဝပါဝင်ခဲ့ကြကြောင်း၊ ထို့အပြင် ပြည်ပနိုင်ငံများမှ လာရောက်ကူညီကြသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ အရေးပေါ်ရှာဖွေကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက် ခဲ့ခြင်းကြောင့် အဆောက်အအုံများအတွင်း ပိတ်မိနေသူ ၆၅၃ ဦးကို အသက်ရှင်လျက် ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးသူ ၈၀၆ ဦးကို ဖော်ထုတ်ရှာဖွေပေးနိုင်ခဲ့ကြောင်း။

ငလျင်ဘေး တုံ့ပြန်ရေး ဆောင်ရွက်နိုင်ရန် အတွက် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre– DMC)ကို ၂၀၂၅ ခုနှစ် မတ် ၂၉ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင် ရှိသည့် လုပ်ငန်းကော်မတီများ အလိုက် တုံ့ပြန်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဘေးသင့် ပြည်သူများအတွက် လတ်တလော ယာယီနေထိုင်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊

စာမျက်နှာ ၄ သို့ ❂





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

❂ စာမျက်နှာ ၃ မှ

သောက်သုံးရေ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ အခြေခံစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ဈေးကားဖြင့် လှည့်လည်ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် အရေးပေါ်လိုအပ်ချက်ဖြစ်သည့် ဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် မိုးမကျမီ ယာယီ အမိုးအကာအောက် ရောက်ရှိစေရေး တို့ကိုလည်း ဆောင်ရွက် လျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ယာယီကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ပြီး ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လိုအပ်သည့် ဆေးကုသမှုများ၊ ခွဲစိတ်ကုသခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုကဲ့သို့ တုံ့ပြန်မှုများ ဆောင်ရွက်သည့်အခါတွင် နိုင်ငံတကာက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဖိတ်ခေါ်လမ်းဖွင့်ပေးခဲ့ကြောင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ AHA Centre၊ ဗီယက်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ လာအိုနိုင်ငံ၊ Singapore Red Cross Society၊ နီပေါနိုင်ငံ၊ UAE နိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပေးပို့လှူဒါန်းသည့် အလှူပစ္စည်းများကို ငလျင်ဘေးသင့်ဒေသများတွင်ရှိသည့် လိုအပ်နေသည့် ပြည်သူများထံသို့ အချိန်မဆိုင်းဘဲ ဖြန့်ခွဲဆောင်ရွက်ပေးလျက်ရှိကြောင်း။

ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် တိုင်းဒေသကြီး/ပြည်နယ်များ၌ အရေးပေါ် ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ်ထောက်ပံ့ကူညီရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် အပျက်အစီးများ ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုတစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ငလျင်ဒဏ်ကြောင့် တစ်နိုင်ငံလုံးရှိပြည်သူများ စိတ်ထိခိုက်ခံစားနေရသည့်အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့်ကာလဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းမှု လိုအပ်သောကြောင့် တပ်မတော်အနေဖြင့် ဧပြီလ ၂ ရက်မှစပြီး ယခုမေလကုန်ထိ ယာယီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကာလ သတ်မှတ်ထုတ်ပြန်ထားကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ရှေးရှုပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် သက်ဆိုင်သူများအနေဖြင့်လည်း ယာယီအားဖြင့် အပစ်အခတ် ရပ်စဲထားခြင်းအပေါ် အလေးထားစဉ်းစားပြီး လိုက်နာဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ၌လည်း လက်ရှိကြုံတွေ့နေရသည့် ဘေးအန္တရာယ်များ အပြင် နောင်ဖြစ်လာနိုင်ခြေ ရှိသည့် ဘေးအန္တရာယ်များ အတွက်ပါ ကြိုတင်ထည့်သွင်း စဉ်းစားပြီး သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများတွင် အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ မူလကတည်းက ထိထိရောက်ရောက် ကြိုတင်စီမံ ဆောင်ရွက်ခဲ့မည်ဆိုပါက သဘာဝဘေးကြောင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် သုံးစွဲရသည့် ကုန်ကျစရိတ်ထက် ခုနစ်ဆခန့် လျှော့နည်းသက်သာစေနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများ မဆုံးရှုံးစေရေးအတွက်ကိုပါ အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလိုကြောင်း။

★ **ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ၌လည်း လက်ရှိကြုံတွေ့နေရသည့်ဘေးအန္တရာယ်များအပြင် နောင်ဖြစ်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်များအတွက်ပါ ကြိုတင်ထည့်သွင်း စဉ်းစားပြီး သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အနာဂတ်အတွက် တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရမည်**

★ **သဘာဝဘေး ကြိုတင်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏ ကြံ့ကြံ့ခံနိုင်ရည်ကို မြှင့်တင်ပေးနိုင်ရုံသာမက သဘာဝဘေးကြောင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားဖွံ့ဖြိုးတိုးတက်မှုများ မဆုံးရှုံးစေရေးအတွက်ကိုပါ အကျိုးရှိစေမည်ဆိုသည်ကို အသိပေးလို**

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ မြန်ဆန်ထိရောက် အောင်မြင်နိုင်မည်

နိုင်ငံတော် အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ရေတိုရေရှည် အစီအစဉ်များချမှတ်ပြီး မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် ပြန်လည်ထူထောင်မှု ဖြစ်စေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ ချန်လှပ်မှု မရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊

စာမျက်နှာ ၅ သို့ ❂

❂ စာမျက်နှာ ၄ မှ
ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏အင်အားတစ်ခုတည်းဖြင့် ဆောင်ရွက်ရန် အကန့်အသတ်များရှိသောကြောင့် ယခုကဲ့သို့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြမှသာ လျင်မြန်စွာ ဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်နှင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ဧပြီ ၁ ရက်နေ့ ပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပြည်တွင်း၊ ပြည်ပ စေတနာရှင် အလှူရှင်များက ငွေကျပ် ၁၁၂ ဒသမ ၈၇ ဘီလီယံ၊ အလှူပစ္စည်းတန်ဖိုး ၁၂ ဒသမ ၄ ဘီလီယံ စုစုပေါင်းငွေကျပ် ၁၂၅ ဒသမ ၂၇ ဘီလီယံ လှူဒါန်းခဲ့ကြကြောင်း၊ မိမိတို့ မြန်မာလူမျိုးများသည် ကိုယ်ချင်းစာတရားကြီးမားကြသူများဖြစ်ပြီး ဆင်းရဲဒုက္ခကို ထပ်တူထပ်မျှခံစားကာ အမြဲရိုင်းပင်းကူညီတတ်ကြသူများဖြစ်



ဒုတိယအကြိမ်မြောက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ စေတနာရှင်၊ အလှူရှင်များက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။

ကြောင်း၊ ထို့ပြင် အလှူအတန်းတွင်လည်း ရက်ရက်ရောရော ပေးကမ်းလှူဒါန်းလေ့ရှိသူများဖြစ်ကြောင်း။

ပြည်တွင်း၊ ပြည်ပမှ အားတက်သရော ထောက်ပံ့လှူဒါန်းပေးကြသည့် စေတနာရှင်များ၊ အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများ၊ တစ်ဦးချင်းလူပုဂ္ဂိုလ်များအားလုံးနှင့် ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်မှုများသည် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်မှုများအပေါ် များစွာ အထောက်အကူဖြစ်စေကြောင်း၊ ချစ်ကြည်ရင်းနှီးမှုနှင့် ဘေးသင့်သူများအတွက် စိတ်ခွန်အားများကိုပါ ရရှိစေခဲ့ကြောင်း၊ ထို့ကြောင့် အလှူရှင်များအားလုံးကို နိုင်ငံတော်နှင့် လျင်ဘေးသင့်သူများကိုယ်စား ကျေးဇူးတင်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များ၊ တက်ရောက်လာကြသူများသည် **"မြေငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် မြန်မာနိုင်ငံသားတို့၏ စွမ်းရည်၊ မွန်မြတ်သည့် ဂုဏ်ဒြပ်"** မှတ်တမ်း ဗီဒီယိုကို အတူတကွ ကြည့်ရှုကြသည်။

**❖ နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ရေတိုရေရှည်အစီအမံများ ချမှတ်ပြီး မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်သည့် ပြန်လည်ထူထောင်မှုဖြစ်စေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ ချန်လှပ်မှုမရှိစေရေးတို့ကို ဦးတည်ဆောင်ရွက်ပေးသွားမည်**

**❖ နိုင်ငံတော်အစိုးရ၏ အင်အားတစ်ခုတည်းဖြင့်ဆောင်ရွက်ရန် အကန့်အသတ်များရှိသောကြောင့် ယခုကဲ့သို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ လျင်ဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်နှင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်**

**အလှူငွေများလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်**

ထို့နောက် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ လာအိုနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့မှ သံအမတ်ကြီးများ၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး စေတနာရှင်အလှူရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကောင်စီဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတနာရှင်အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် မန္တလေးငလျင်ကြီးကြောင့် ဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရန်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် လှူဒါန်းမှုအနေဖြင့် အိမ်ခန်း ၁၆ ခန်းပါ လေးခန်းတွဲ လေးထပ်တိုက်အဆောက်အအုံ တစ်လုံးလျှင် ငွေကျပ်သိန်း ၂၀၀၀၀ နှုန်းဖြင့် အလုံးပေါင်း ၅၁ လုံး အပါအဝင် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၃၁ ဒသမ ၅၃ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၂၃၁၄၉၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်အစည်းအဝေး ကျင်းပ

## လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်




**နေပြည်တော် မေ ၂၉**

လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်၏(၃/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက အဖွင့်အမှာစကား ပြောကြားရာတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ်အတွင်း အခြေခံအဆောက်အအုံ(Infrastructure) အချို့ပျက်စီးခဲ့ပြီး ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့မှုကို အချိန်တိုအတွင်း ဓာတ်အားပြန်လည်ရရှိရေး အမြန်ဆောင်ရွက်ပေးခဲ့ကြသည့် လျှပ်စစ်ဝန်ထမ်းများကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

စွမ်းအင်ကဏ္ဍအနေနှင့်လည်း လက်ရှိထုတ်လုပ်ဆဲ ရေနံမြေများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်ရန် ပုံမှန်ဆောင်ရွက်နေကျ နည်းလမ်းများအပြင် အေအိုင်(AI)၊ Water Flooding နှင့် Hydraulic Fracturing ကဲ့သို့ နည်းပညာများ အသုံးပြုနိုင်ရန် ကြိုးပမ်းနေကြောင်း၊ Standard Well စနစ် အကောင်အထည်ဖော်ရန် ဆောင်ရွက်နေသည်များအပြင် ကမ်းလွန်စီမံကိန်းအသစ်များကိုလည်း ဆောလျင်စွာ စတင်နိုင်ရန် ဆောင်ရွက်လျက် ရှိကြောင်း၊ စွမ်းအင်ဝန်ကြီးဌာန အနေနှင့် အဖျောက်သဘာဝ ဓာတ်ငွေ့မြေနှင့် မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့ မြေများရှိ တွင်းဟောင်းများ၏ ပါးလွှာသဲကြောများကို သုတေသနပြုစမ်းသပ်ထုတ်လုပ်ခဲ့ရာ နေ့စဉ် သဘာဝဓာတ်ငွေ့နှင့် ရေနံများ တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယခုလို ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူအားလုံးကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

ရေနံနှင့် သဘာဝဓာတ်ငွေ့မြေအသစ်များ ရှာဖွေဖော်ထုတ်နိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စွမ်းအင်ဝန်ကြီးဌာနက Academic Institution များနှင့် Oil and Gas Industry တို့ အကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ခဲ့ခြင်းသည် ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ် ကျင့်သုံး ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်ရသည်ဖြစ်၍ ဥပဒေမူဘောင် ခိုင်မာရန်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့်စာချုပ်များ ချုပ်ဆိုရာတွင် နိုင်ငံတော်အနေနှင့် နစ်နာမှုမရှိစေရန် အရေးကြီးပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် အာမခံချက်ပေးနိုင်ပြီး လက်ရှိကာလနှင့် လိုက်လျောညီထွေ ဖြစ်အောင် ဆောင်ရွက်ပေးရန်၊ ဌာနများ၏ လုပ်ထုံးလုပ်နည်းများတွင်လည်း လုပ်ငန်းစဉ် အဆင့်ဆင့်တွင် နှောင့်နှေးကြန့်ကြာမှု ရှိနိုင်သည်များကို စိစစ်သုံးသပ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ပြည်သူများ အနေဖြင့် ဓာတ်အားသုံးစွဲရာတွင် အဆင်ပြေပြီး ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ အရည်အသွေးကောင်းမွန် စိတ်ချရစေရေး၊ တာရှည်ခံနိုင်စေရေးနှင့် ပတ်ဝန်းကျင်အန္တရာယ် မဖြစ်စေရေးတို့အတွက် တင်သွင်းရောင်းချတပ်ဆင်ကိုင်တွယ် သုံးစွဲခြင်း လုပ်ထုံးလုပ်နည်း ဥပဒေ(SOP) ကို အမြန်ပြုစုထုတ်ပြန်နိုင်ရေး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍လည်း ကမ်းလွန်စီမံကိန်းအသစ်များသည် နိုင်ငံတော်၏အနာဂတ် စွမ်းအင်ကဏ္ဍအတွက် အရေးပါသည့် စီမံကိန်းများဖြစ်၍ သတ်မှတ်ထားသည့် Timeline များအတိုင်း တွန်းအားပေး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းများ ဆောင်ရွက်ရန် ကိစ္စနှင့်ပတ်သက်ပြီး ကြုံတွေ့လာရသည့် အခက်အခဲများရှိပါက ဆောလျင်စွာ တင်ပြသွားရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အလားတူ သန်လျင်ရေနံချက်စက်ရုံ အဆင့်မြှင့်တင်ခြင်း စီမံကိန်းအပါအဝင် ရေနံဓာတုဗေဒစက်ရုံများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်း လုပ်ငန်းများ၊ ပိုက်လိုင်းကွန်ရက် အဆင့်မြှင့်တင်ခြင်းနှင့် တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း စီမံချက်များအတိုင်း အကောင်အထည် ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် သဘာဝဓာတ်ငွေ့အသုံးပြုသည့်စက်များ၊ ပစ္စည်းကိရိယာ (Machinery and Equipment) များ၏ စွမ်းရည်(Efficiency) တိုးမြှင့်လာရေးအတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် ကော်မရှင် ဒုတိယဥက္ကဋ္ဌ(၂) စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့က လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာ အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်း/စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ကော်မရှင် အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး တို့က ကော်မရှင်အစည်းအဝေး (၂/၂၀၂၅) ဆုံးဖြတ်ချက်များအပေါ် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့နှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များက လိုက်နာဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဆောင်ရွက်ဆဲ/ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း အစီအစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များနှင့်အစည်းအဝေးတက်ရောက်လာသူများက မိမိတို့ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အကြံပြုဆွေးနွေးချက်များကို တင်ပြကြသည်။

ဆက်လက်၍ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများ အကောင်အထည်ဖော်ရေး မြေနေရာလိုအပ်ချက်ကို အလွယ်တကူ ရွေးချယ်အသုံးချနိုင်ရေးအတွက် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စီမံကိန်းဆောင်ရွက်နိုင်သည့် မြေနေရာများတွင် စီမံကိန်းဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိသည့် လုပ်ငန်းရှင်၊ ရင်းနှီးမြှုပ်နှံလိုသူများလာရောက်ပါက လိုအပ်သည်များကိုပံ့ပိုးကူညီပေးစေလိုပါကြောင်း၊ ရေအားလျှပ်စစ်စီမံကိန်းများကို ကာလလတ်/ ကာလရှည်စီမံကိန်းများအဖြစ် အကောင်အထည်ဖော်စီမံဆောင်ရွက်သွားရမည်ဖြစ်ရာ နည်းပညာပိုင်းနှင့် စာချုပ် စာတမ်းပိုင်းများတွင် အားနည်းချက်များ လိုအပ်ချက်များမရှိစေရအောင် ယခုကတည်းက သက်ဆိုင်ရာ ဝါရင့်ဥပဒေပညာရှင်များ၊ နည်းပညာရှင်များနှင့် စိစစ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စက်မှုဇုန်များနှင့် စိုက်ပျိုးမွေးမြူရေး ဇုန်များတွင် ပြန်ပြည့်မြဲ စွမ်းအင်ဖြစ်သည့် နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံများကို အနီးဝန်းကျင်နှင့် ဆက်စပ် မြေနေရာများတွင် တည်ဆောက်ကြပြီး ဓာတ်အားရယူသုံးစွဲနိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက စီမံဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ သဘာဝဓာတ်ငွေ့ သုံးစွဲမှုအပိုင်းတွင် ပိုက်လိုင်းစနစ်များ၊ စက်ပစ္စည်းများ သုံးစွဲမှုကာလကြာမြင့်မှုများကြောင့် စွမ်းရည်ကျဆင်းမှု၊ ပျက်စီးမှု၊ လေလွင့်ဆုံးရှုံးမှု လျော့နည်းပပျောက်စေရေးကို ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မြစ်ကြီးနားမြို့နှင့် အဖျောက်မြို့တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် မေ ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အောင်မြေစံကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့်နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်းများနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့တော်လတီကျေးရွာအုပ်စု ဓမ္မိတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ မူလစာတော်ပြန်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၁၇ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် မေ ၂၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Qingdao CRRC Sifang Rolling Stock Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Mr. Sajjad Mohammad Sajid အနေဖြင့် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနိုင်ငံနှင့် UNOCHA တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် UNOCHA မှ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **သတင်းစဉ်**



ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံရှိ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UNOCHA)၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid အား လက်ခံတွေ့ဆုံစဉ်။

# ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၉**

“ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၅)”ကို ယနေ့နံနက် ၉ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ ကျင်းပသည်။



ဦးစွာ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများသည် သဘောသဘာဝမတူညီကြသည့်အတွက် သဘာဝဘေးအမျိုးအစားအပေါ်မူတည်၍ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုများ မတူညီနိုင်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ကြောင့် ကိုယ်လက်အင်္ဂါ ထိခိုက်ဆုံးရှုံးသူများအတွက် အရည်အသွေးကောင်းမွန်သော အစားထိုးခြေတုနှင့် လက်တုများ တပ်ဆင်ပေးနိုင်ရေး အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ငလျင်ကြီးဖြစ်စဉ်ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေချိန်ဖြစ်ပြီး မိုးရာသီကာလသို့လည်း ရောက်ရှိနေပြီဖြစ်သဖြင့် မိုးရာသီတွင် ဖြစ်ပွားနိုင်သော သဘာဝဘေးအန္တရာယ်များ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများအပါအဝင် ကူးစက်ရောဂါများနှင့် ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက အသုံးပြုနိုင်ရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများကို စနစ်တကျစုဆောင်းထားရှိပြီး အရေးပေါ်ဆေးရုံများ တည်ဆောက်ရေးအတွက် လိုအပ်သည့်ပစ္စည်းများနှင့် ရွှေ့လျားခွဲစိတ်ခန်းများကိုလည်း ကြိုတင်ပို့ဆောင်ထားရှိရန်ဆောင်ရွက်လျက်ရှိရာ နီးနွယ်ဌာနဆိုင်ရာများက လိုအပ်သည်များ ပံ့ပိုးပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ၏ လုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် ရှေ့လုပ်ငန်းစဉ်များအားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက တင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု၊ ပူးပေါင်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုမှုများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းနှင့် အစည်းအဝေးသို့ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ နီးနွယ်ဝန်ကြီးဌာနများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၅)ကြိမ်မြောက် အစည်းအဝေးတွင် ပိုးသတ်ဆေးအမျိုးပေါင်း ၁၈၅ မျိုး အတည်ပြုပေးနိုင်ရေး စိစစ်ဆွေးနွေး

**နေပြည်တော် မေ ၂၉**

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ (၄၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှုထောင့်မျိုးစုံမှ သုံးသပ်**

အစည်းအဝေးတွင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တိုင်းပြည်၏ အဓိကစားသုံးသီးနှံများနှင့် ပြည်ပပို့ကုန်သီးနှံများ အထွက်နှုန်းတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အထွက်နှုန်းတိုးတက်စေရန် အထောက်အကူပြုသော သွင်းအားစုတစ်ခုဖြစ်သည့် ပိုးသတ်ဆေးသုံးစွဲရာ၌ အရည်အသွေးပြည့်မီပြီး အန္တရာယ်ကင်းသော ပိုးသတ်ဆေးများ



ထိရောက်စွာ အသုံးပြုနိုင်ရန် ပိုးသတ်ဆေး မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ်များကို ပိုမိုစနစ်တကျ ကောင်းမွန်စေရန် ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့ တင်ပို့ရာတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းများ စစ်ဆေးတွေ့ရှိမှုပြဿနာ ဖြစ်ပွားမှုများပြားလာခြင်းကြောင့် မိမိတို့နိုင်ငံ၏ ကုန်သွယ်မှု အခွင့်အလမ်းများ လျော့ကျလာနိုင်သဖြင့် ပိုးသတ်ဆေးအမျိုးအစား တစ်မျိုးချင်းစီအပေါ်၌ ရှုထောင့်မျိုးစုံမှ ပြန်လည်သုံးသပ်ပြီး ဓာတ်ကြွင်းများကြောင့် ထိခိုက်မှုမရှိစေရေးနှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းစင်ရေးအတွက် မှတ်ပုံတင်အဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း။

ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုအတွက် ပိုးသတ်ဆေးဖျန်း၍ ပိုးနှိမ်နင်းခြင်းသည် အဖြေမဟုတ်ဘဲ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိသည့် သီးနှံမျိုးကို မျိုးစပ်ရွေးချယ်ခြင်း၊ စိုက်ပျိုးခြင်းအပြင် ပိုးမွှားရောဂါကျရောက်မှုကို တောင်သူလယ်သမားများကိုယ်တိုင်ပါဝင်သော ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းမှုကို လှိုင်းအသွင်ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ဆက်လက်၍ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အတွင်းရေးမှူးက (၄၅)ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုပေးရမည့် ပိုးသတ်ဆေးမှတ်ပုံတင်ခွင့် တင်ပြစာများအား တင်ပြရာ အစည်းအဝေးက လုပ်ငန်းစာတွဲတစ်ခုချင်းအပေါ် စိစစ်ဆွေးနွေးခဲ့ကြသည်။

ပိုးသတ်ဆေး မှတ်ပုံတင်ခြင်းလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အတွက် Manual မှ Online(Myanmar Agricultural Import Registration System(MAIRS) Online System စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ အစည်းအဝေးများကို ၁၉၉၃ ခုနှစ်မှစတင်၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ ကျင်းပခဲ့ရာ (၄၄)ကြိမ်မြောက် အစည်းအဝေးပြီးဆုံးသည့် ကာလအထိ ပိုးသတ်ဆေး စုစုပေါင်း ၄၃၉၃ မျိုးကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် (၄၅)ကြိမ်မြောက် အစည်းအဝေးတွင် ပိုးသတ်ဆေး အမျိုးပေါင်း ၁၈၅ မျိုးကို အတည်ပြုပေးနိုင်ရေး စိစစ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စွမ်းအင်ဝန်ကြီးဌာန ကမ်းလွန်စီမံကိန်းအသစ် "မင်းရဲသူ" စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကျင်းပ




နေပြည်တော် မေ ၂၉

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မြန်မာနိုင်ငံအခြေစိုက် ထိုင်းနိုင်ငံသားပိုင်ကုမ္ပဏီဖြစ်သော Gulf Petroleum Myanmar Co., Ltd. တို့အကြား မုတ္တမ ကမ်းလွန်လုပ်ကွက် (M-10)(မင်းရဲသူစီမံကိန်း)တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်၊ သုံးစွဲနိုင်ရန်အတွက် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract-PSC) လက်မှတ်ရေးထိုးချုပ်ဆိုပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ/ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ Gulf Petroleum Myanmar Co., Ltd. မှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် သဘာဝဓာတ်ငွေ့သိုက်များ အတန်အသင့်ရှိရာ စနစ်တကျထုတ်ယူသုံးစွဲနိုင်ရန် လိုအပ်ပါကြောင်း၊ လက်ရှိထုတ်လုပ်လျက်ရှိသည့် ကမ်းလွန်စီမံကိန်းကြီးများသည် သဘာဝအလျောက်ထုတ်လုပ်မှုများ ကျဆင်းလာနေပြီး စီမံကိန်းပြီးဆုံးမည့်ကာလများလည်း နီးကပ်လာသဖြင့် အလားအလာကောင်းများရှိသည့် လုပ်ကွက်များတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ မုတ္တမ ကမ်းလွန်လုပ်ကွက် (M-10) (မင်းရဲသူစီမံကိန်း)အား အောင်မြင်စွာ လက်မှတ်ရေးထိုးချုပ်ဆိုဆောင်ရွက်နိုင်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ယခုလို ဆောင်ရွက်ခြင်းဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများတွင် ငွေကြေးထည့်ဝင်မှု အားကောင်းလာခြင်း၊ နိုင်ငံခြားဝင်ငွေပိုမိုရှာဖွေပေးနိုင်ခြင်း၊ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်း၊ ပြည်တွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းရည်မှန်းချက်ဖြစ်သည့် ၂၀၂၈ ခုနှစ်အတွင်း ပထမဦးဆုံး သဘာဝဓာတ်ငွေ့ စတင်ထုတ်ယူနိုင်ရေးအောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းနှင့် စာချုပ်ချုပ်ဆိုနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် ဆက်စပ်ဝန်ကြီးဌာနများ၊ Gulf Petroleum Myanmar Co., Ltd. မှ ဝန်ထမ်းများ၊ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် Gulf Petroleum Myanmar Co., Ltd. မှ အမှုဆောင်အရာရှိချုပ်က ကျေးဇူးတင်စကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် Gulf Petroleum Myanmar Co., Ltd. အမှုဆောင်အရာရှိချုပ်တို့က မုတ္တမကမ်းလွန်လုပ်ကွက်(M-10) (မင်းရဲသူစီမံကိန်း)အတွက် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးစာချုပ်(Production Sharing Contract)ကို လက်မှတ်ရေးထိုးချုပ်ဆိုကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

နိုင်ငံတော်အနေဖြင့် လက်ရှိအချိန်အထိ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ရတနာ၊ ရဲတံခွန်၊ ဇောတိက၊ ရွှေ ကမ်းလွန်စီမံကိန်းကြီး လေးခု၊ ထပ်မံရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် ကမ်းလွန်စီမံကိန်းကြီး နှစ်ခု စုစုပေါင်း ကမ်းလွန်စီမံကိန်းကြီး ခြောက်ခုရှိပြီးဖြစ်သဖြင့် ယခု မုတ္တမကမ်းလွန် လုပ်ကွက် (M-10)(မင်းရဲသူစီမံကိန်း) သည် နိုင်ငံတော်၏ သတ္တမမြောက် ကမ်းလွန်စီမံကိန်းကြီးဖြစ်သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ပထမဦးဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် ကမ်းလွန်စီမံကိန်းတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပေကျင်းမြို့၌ မတူညီသော ယဉ်ကျေးမှုများကို လေးစားတန်ဖိုးထားတတ်စေရန် နိုင်ငံတကာ ရိုးရာယဉ်ကျေးမှုပြပွဲ ကျင်းပ




ပေကျင်း မေ ၂၉

ကမ္ဘာ့နိုင်ငံအသီးသီးမှ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် ဘာသာစကားများ၊ ရိုးရာအစားအစာများကို လေ့လာနိုင်ရန်နှင့် မတူညီသော ယဉ်ကျေးမှုများကို လေးစားတန်ဖိုးထားပြီး ညီညွတ်သော လူမှုအသိုက်အဝန်းကို ဖန်တီးတတ်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ Communication University of China ၌ ယမန်နေ့က Global Day (နိုင်ငံတကာရိုးရာယဉ်ကျေးမှုပြပွဲ) ကို ကျင်းပသည်။

Communication University of China (CUC)သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထင်ကရ မီဒီယာနှင့် ဆက်သွယ်ရေး တက္ကသိုလ်တစ်ခုဖြစ်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံတကာယဉ်ကျေးမှုများနှင့် ထိတွေ့နိုင်စေရန်ရည်ရွယ်၍ နှစ်စဉ် Global Day ကျင်းပလေ့ရှိကြောင်း သိရသည်။

နိုင်ငံအလိုက် အလံ၊ ရိုးရာအဝတ်အထည်၊ လက်မှုပစ္စည်းများကို ပြသခြင်း၊ အာရှ၊ အာဖရိက၊ ဥရောပနှင့် လက်တင်အမေရိက နိုင်ငံများ၏ ထူးခြားသောယဉ်ကျေးမှုအစဉ်အလာများ ပါဝင်သည့် ပြခန်းများ၊ မြန်မာ၊ တရုတ်၊ ရုရှား၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ အီတလီ၊ အီဂျစ်၊ နိုင်ဂျီးရီးယား၊ လိုက်ဘေးရီးယား အစရှိသော နိုင်ငံများ၏ ရိုးရာအစားအစာ အရောင်းပြခန်းများ၊ နိုင်ငံတကာကျောင်းသားများ၏ ရိုးရာဂီတ၊ အက၊ သီချင်းများဖြင့် ဖျော်ဖြေမှုများ၊ တရုတ်ရိုးရာပန်းချီနှင့် လက်မှုပညာဆိုင်ရာပြခန်းများ ပါဝင်ပြသကြသည်။

အဆိုပါ အခမ်းအနားကို Communication University of China (CUC)တွင် ပညာသင်ကြားနေသော နိုင်ငံပေါင်း ၃၀ ကျော်မှ ကျောင်းသား ကျောင်းသူများက ပါဝင်ဆင်နွှဲကြပြီး နိုင်ငံတကာကျောင်းသားများအကြား ယဉ်ကျေးမှုဖလှယ်ရေး၊ ဆက်သွယ်ရေးစွမ်းရည်မြှင့်တင်ရေးနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို အထောက်အကူပြုစေမည်ဖြစ်သည်။

ထို့ပြင် Global Day သည် တရုတ်နိုင်ငံ၏ နိုင်ငံတကာ ပညာရေး ချိတ်ဆက်မှုများကို အားပေးသည့် အစီအစဉ်တစ်ခုဖြစ်ပြီး ကျောင်းသားများအတွက် ပျော်ရွှင်ဖွယ်ရာ အတွေ့အကြုံသာမက နိုင်ငံတကာအသိပညာနှင့် လူမှုဆက်ဆံရေးစွမ်းရည်များ တိုးတက်စေသော အခွင့်အလမ်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။ **လင်းလင်း**

## သာပေါင်းမြို့နယ်၌ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်



သာပေါင်း မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းများကို ယနေ့နံနက် ၇ နာရီက အမှတ်(၃) ရပ်ကွက်၌ ဆောင်ရွက်သည်။

အမှတ်(၃)ရပ်ကွက်အတွင်းရှိ ပိုးလောက်လမ်း ပေါက်ပွားနိုင်သည့် နေရာများကို စစ်ဆေးပြီး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ပုံမှန်ဆောင်ရွက်ရန်၊ မိုးရေတင်နိုင်သော တာယာကွင်းများ၊ အိုးခွက်များအတွင်း ခြင်ပေါက်ပွားမှုမရှိစေရေး၊ ပိုးလောက်လမ်း ပေါက်ပွားမှု ရှိ/မရှိ လိုက်လံစစ်ဆေးပြီး ပတ်ဝန်းကျင်တွင် ခြင်ပေါက်ပွားမှုမရှိစေရေး သန့်ရှင်းရေးဆောင်ရွက်ရန်တို့ကို အသိပညာပေးမှာကြားသည်။ ထို့နောက် ရေကန်များ အဘိတ်ဆေးခတ်ခြင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းမီမီခိုင်၊ ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်း (မိခင်နှင့်ကလေး ကျောင်းကျန်းမာအာဟာရ)နှင့် ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုလှိုင်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်တို့က ရေတွင်း၊ ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်းတို့ကို စဉ်ဆက်မပြတ် အရှိန်အဟုန်ဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တပ်ကုန်းမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရေပြင်ရှာဖွေကယ်ဆယ်ရေး စုဖွဲ့ဇာတ်တိုက်လေ့ကျင့်မှုသင်တန်းဖွင့်

တပ်ကုန်း မေ ၂၉

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရေပြင်ရှာဖွေကယ်ဆယ်ရေး စုဖွဲ့ဇာတ်တိုက်လေ့ကျင့်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၈ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က သင်တန်းစည်းကမ်းချက်များ ရှင်းလင်းပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းထောက်ပံ့ငွေများ ပေးအပ်သည်။

သင်တန်းတွင် သင်တန်းသား ၃၅ဦး တက်ရောက်ကြပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးသော်ခန့်ဝေနှင့် ရေပြင်နည်းပြ(ပြင်ပ)မှ သင်တန်းနည်းပြများက ရေပြင်အသက်ကယ်နည်းစနစ်နှင့် လှေတက်ကိုင်စနစ်၊ စက်လှေမောင်းနည်းစနစ်ပညာရပ်များကို မေ ၂၈ ရက်မှ ၃၁ ရက်ထိ ဆရာစံရပ်ကွက်၊ အောင်ကြီးကန်အတွင်း စုဖွဲ့ဇာတ်တိုက်လေ့ကျင့်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**

နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ဤဆောင်းပါးပါ ဖော်ပြချက်များသည် ဆောင်းပါးရှင်၏ အာဘော်များသာဖြစ်ပါသည်။

# လွန်လွန်ကြူးကြူး ရူးမူးကြသူများ

**ဒီဘက်ခေတ်မှာ "လွန်လွန်ကြူးကြူး ရူးမူးကြသူတွေ" ဆိုတဲ့စကားလုံးကို နိုင်ငံရေးစကားစစ်ထိုးပွဲတွေမှာ၊ အထူးသဖြင့် အမေရိကန်နိုင်ငံရေးနယ်ပယ်မှာ မကြာခဏကြားနေရတယ်။ မြန်မာနိုင်ငံကတော့ ဒီလူတွေအကြောင်း ကောင်းကောင်းသိတာပေါ့။ သူတို့က မြန်မာ့ပြည်တွင်းရေးမှာ ဆယ်စုနှစ်ပေါင်းများစွာ ဝင်ရောက်စွက်ဖက်နေခဲ့ကြတာလေ။**

နေမဝင်အင်ပါယာကြီး ဟိုးနှစ်ပေါင်းများစွာ ကတည်းက နေဝင်သွားခဲ့ပြီဆိုတာကို ဘယ်တော့မှ လက်မခံနိုင်တဲ့ မူလလက်ဟောင်း ကိုလိုနီဝါဒီ လွန်လွန်ကြူးကြူး ရူးမူးသူတစ်ယောက်ရှိတယ်။ သူတို့က မြန်မာနိုင်ငံကနေ မထွက်ခွာခင်မှာ နိုင်ငံကို တစ်စစီခွဲဖို့ ကြိုးစားခဲ့ကြပေမယ့် မအောင်မြင်ခဲ့ဘူး။ (လွန်ခဲ့တဲ့ နှစ် ၈၀ က အိန္ဒိယမြေပုံက အခုနဲ့ မတူဘူးဆိုတာ လူတွေမမေ့သင့်ဘူးနော်။ ဘယ်သူတွေလုပ်ခဲ့တာလဲဆိုတာ စဉ်းစား။)

သူတို့ရဲ့ ဇွဲ၊ လုံ့လကိုတော့ ချီးကျူးရမှာပါ။ သူတို့က နှစ်ပေါင်း ၈၀ ကျော်ကြာတဲ့အထိ မြန်မာနိုင်ငံကို ဆက်ပြီး တစ်စစီဖြိုဖို့၊ ခွဲဖို့ ကြိုးစားနေကြတုန်းလေ။

မြန်မာ့အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်း မိတ်ဆွေနိုင်ငံတွေနဲ့ နိုင်ငံတကာအသိုက်အဝန်း အနေနဲ့ မြန်မာနိုင်ငံ ပြိုကွဲတာဟာ "သူတို့"၊ "သွေးခွဲ-အုပ်ချုပ်"ခဲ့တဲ့ သူတို့အတွက်ကလွဲလို့ ဘယ်သူ့အတွက်မှ အကျိုးမရှိဘူးဆိုတာ သတိထားသင့်ကြတယ်။

နယူးယောက်နဲ့ ဂျီနီဗာက ဆင်စွယ်နန်းတော်တွေထဲက လွန်လွန်ကြူးကြူး ရူးမူးကြသူတွေလည်း ရှိသေးတယ်။ အထက်တန်းအဆင့်နဲ့ ခရီးသွားလာရတာတွေရယ်၊ စည်းစိမ်အပြည့်နေရာတွေမှာ ဇိမ်ခံရတာတွေရဲ့ အရသာရယ်ကို တစ်ကြိမ်တစ်ခါ မြည်းစမ်းပြီးတာနဲ့ သူတို့အတွက် လက်လွှတ်ဖို့ ခက်ခဲသွားတော့တာပေါ့။ အဲဒီ အနီရောင်နိုင်ငံကူးလက်မှတ်(red passport)က လူကိုစွဲလမ်းစေတယ်။ အဲဒါက သီးသန့်သတ်မှတ်ပေးထားတဲ့ လူဝင်မှုကြီးကြပ်ရေးလမ်းကြောင်းတွေကနေ ဖြတ်သန်းသွားနိုင်တယ်လေ။ ဒီလူတွေဟာ သူတို့ရဲ့ အတိုကောက်နာမည်တွေမှာတောင် SAC ကို ထည့်သုံးကြတယ်။ သူတို့ရဲ့ဝက်ဘ်ဆိုက်ကိုကြည့်လိုက်ရင် "former" (ယခင်)ဆိုတာတွေချည်းပဲ တွေ့ရတယ်။ "current" (လက်ရှိ) ဆိုတာ တစ်ယောက်မှမပါဘူး။ ဒါတွေအားလုံးက"ခေတ်ဆွေးအိုပယ်" (has-beens)တွေပဲ။

အရင်က နာမည်ကြီးခဲ့ပေမယ့် အခုတော့ ခေတ်ကုန်သွားသူတွေပါ။ သူတို့ကို ဘယ်သူက အခွင့်အာဏာပေးထားတာလဲ။ အငြိမ်းစားယူပြီး နောက် အိမ်မှာ လက်ဖက်ရည်ကြမ်းသောက်ရင်း ထိုင်နေရတာက ပျင်းဖို့ကောင်းမှာပေါ့။ ဂျီနီဗာက ဝိုင်ကောင်းကောင်းတွေကို စွန့်လွှတ်ရတာက ခက်တယ်လေ။ သူတို့ကိုယ်သူတို့ "ဖြောင့်မှန်တယ်" (righteous) လို့ ဘဝင်မြင့်ဖို့လည်း လိုအပ်သေးသပေါ့။ ဒီလူတွေဟာ လန်ဒန်၊ ပါရီ၊ ဂျီနီဗာ ဒါမှမဟုတ် နယူးယောက်မြို့ လမ်းမပေါ်လျှောက်သွားရင် သူတို့ဘယ်သူလဲဆိုတာကို ဘယ်သူမှမသိကြဘူး။ ကိုယ့်ဘာသာ လမ်းထောင့်ဆိုင်လေးမှာ သွားစား၊ သွားဝယ်ကြရတယ်။ ဒါပေမဲ့ ကမ္ဘာ့တောင်ပိုင်းက ဆင်းရဲတဲ့နိုင်ငံတွေဆီ ရောက်ရင်တော့ လုံခြုံရေးအစောင့်တွေ၊ ယာဉ်မောင်းတွေ၊ အိမ်ဖော်တွေအများကြီးနဲ့ နေကြရတယ်။

ဒီလို **"အထူးအခွင့်အရေး"** တွေကို လက်လွှတ်ဖို့ ခက်တာကြောင့်ပဲ ဒီလူတွေ ပျောက်ကွယ်မသွားနိုင်ကြတာ။ နောက်ထပ် ရာထူးနေရာတစ်ခုခုရဦးမလား ဆိုပြီး ရစ်သီရစ်သီလုပ်နေကြတယ်။ သူ့ကိုယ်သူဖော်မသူတော်လုပ်နေကြရတာတွေအားလုံးက သူတို့ကိုယ်တိုင်အတွက်ပါပဲ။ သူတို့နဲ့ သူတို့ရဲ့ အန်ကယ်ကြီး၊ အန်တီကြီးတွေဟာ "ဒီမိုကရေစီ" ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဆယ်စုနှစ်ပေါင်းများစွာ လိမ်လည်လှည့်ဖြားတဲ့ မူဝါဒတွေကို ကျင့်သုံးခဲ့ကြတယ်။ ကမ္ဘာ့တောင်ပိုင်းက ဆင်းရဲပြီး ဖွံ့ဖြိုးမှုနည်းပါးတဲ့ နိုင်ငံတွေကို အနိုင်ကျင့်ခဲ့ကြတယ်။ ဒါပေမဲ့ ကမ္ဘာ့နိုင်ငံရေးကတော့ လွန်ခဲ့တဲ့ရက်သတ္တပတ်အနည်းငယ်အတွင်းမှာပဲ သိသိသာသာကို ပြောင်းလဲသွားပါပြီ။

ဒီအထူးစပယ်ရှယ်အကြံပေးဆိုတဲ့ "ခေတ်ဆွေးကြီးတွေ" (SAC "has-beens") က နေပြည်တော်အကြောင်းပဲ မအိပ်နိုင်၊ မစားနိုင် ထိုင်တွေးနေကြပုံရတယ်။ တော်တော်လေး ချစ်ပုံရတယ်နော်။ တခြားလုပ်စရာ ဘာမှမရှိကြဘူးထင်ပဲ့။ ဂုဏ်သရေရှိ ရှေ့နေချုပ်ကြီး (Distinguished Prosecutor) ကို စုံစမ်းစစ်ဆေးမှုလုပ်ခဲ့သလိုမျိုး သူတို့တစ်ယောက်ချင်းစီကို တကယ်တမ်း အသေးစိတ်စုံစမ်းစစ်ဆေးကြည့်မယ်ဆိုရင် သူတို့တစ်ယောက်ချင်းစီမှာ ဖုံးကွယ်ထားတဲ့ လျှို့ဝှက်ချက်တွေရှိကြတယ်ဆိုတာ တွေ့ရမှာပါ။ ဘယ်သူမှ တကယ့်စစ်ဆေးမှုကနေ ရှောင်လွှဲနိုင်မှာ မဟုတ်ဘူး။ အဲဒီ **"စုံစမ်းစစ်ဆေးသူတွေ"**လို့ ဆိုတဲ့သူတွေကို ပြန်ပြီးစုံစမ်းစစ်ဆေးသင့်ပါတယ်။

ဂုဏ်သရေရှိ ရှေ့နေချုပ်ကြီးက ကမ္ဘာ့တည်ငြိမ်ရေးကို ဆုံးဖြတ်ပေးနေတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေကို ဖမ်းဝရမ်းတွေ ပျော်ပျော်ကြီး ထုတ်ပေးခဲ့တာ။ ဒါပေမဲ့ တစ်စုံတစ်ယောက်က သူ့ရဲ့ပြုမူလုပ်ဆောင်ချက်တွေကို စစ်ဆေးလိုက်တာနဲ့ တစ်ပြိုင်နက်တည်း ရှိသမျှဂုဏ်သရေတွေအားလုံး ပြိုလဲသွားပါလေရော။ သိပ်ပြီးတောင် မလုပ်လိုက်ရပါဘူး။ ဒီလူတွေဟာ ကမ္ဘာပေါ်မှာ အညစ်စုတ်ဆုံးလူတွေထဲက တချို့ပဲ။ နယူးယောက် ဆင်စွယ်နန်းတော်ထဲက သူတို့ရဲ့



28 MAY 2025
www.gnlm.com.mm
THE GLOBAL NEW LIGHT OF MYANMAR

Radical Lunatics

By Kyaw Myint Htoon (Paris)

NOWADAYS, "Radical Lunatics" is an expression often heard of in the political arena, especially in American politics!

Myanmar knows about radical lunatics very well! They have been interfering in Myanmar's internal affairs for decades!

There is an original colonial lunatic, who has never gotten over the fact that the sun set on the empire long, long ago! They tried to disintegrate the country before they left, but failed! (People should not forget the map of India was not the same 80 years ago! Who could have done that??)

Give them credit for perseverance. They have continued to try to break apart Myanmar for more than 8 decades! Myanmar's immediate neighbours, regional friends and the international community should be aware that the disintegration of Myanmar is not in the interest of anyone, except THEM!!!! Divide and conquer!!!

There are also radical lunatics in the Ivory Towers in New York and Geneva!

Once they taste upper-class travel and luxury accommodation, it's hard to let go. That red passport is addictive! They can pass through designated immigration lines! These radical lunatics even adopted SAC as their acronym! Look at their website, it's all "former" this, "former" that! None Is "current"! These are all "has been"! Who gives them the mandate? It must be boring sitting at home in retirement sipping green tea. Fine wine in Geneva is hard to let go! They need to feel righteous! These are the people who walk down the street in London, Paris, Geneva or New York, no one knows who they are, go to corner deli on their own, but in poor countries in the global south, they get multiple security details, drivers, maids!!! These "perks" are difficult to let go. That's why these people can't fade away. They hang around for potential next appointment. Just keep the name afloat! It's all about themselves! They and their big Uncles and Aunts ran the fraudulent policies for decades under the pretence of "democracy", bullying poor countries in the global south. But international politics have drastically shifted in the last few weeks alone.

Perhaps these SAC "has been" live, breathe and sleep thinking about Nay Pyi Taw! Such an affection!! They have nothing else to do!

If someone really looks into each one of them, as was done to the Distinguished Prosecutor, there are skeletons in the closet for every one of them. None of them would escape the real scrutiny. These so-called investigators should be investigated.

The Distinguished Prosecutor was happily handing out arrest warrants to world leaders. Leaders who determine the stability of the world. But the cards fell apart once someone looked into his conduct. It didn't take much at all. These are some of the sleaziest people in the world! Their Supremo in the Ivory Tower in New York remained quiet, and never called the so-called Prosecutor to step aside or resign.

Talk about Prosecutors and Judges, one of them has been indicted and sentenced for modern slavery (slavery of all things!!!), in London, for forcing a young woman to work as a domestic servant! Not a word of condemnation from the self-righteous Supremo and his cohorts in the Ivory Tower in New York and Geneva. These are champions of pointing fingers at others, except when it comes to their own.

Then there are radical lunatics in that famous room in Geneva, where rot is dripping from the ceiling! The so-called "Rapporteur" lobs grenades from Washington DC. Only a corrupt system would appoint a person of the wrong nationality. Would Russia and China trust this person from a certain country? No!!! They don't think rationally, because they don't have the desire to help solve the issues facing the country. Once his term is up, he can join that self-appointed SAC group.

How's the Envoy doing these days!!! Creating trips to justify the meaningless job must be fun. They make trips. Issue statements. That has been their strategy for decades to justify their appointment. Not a single one of them has achieved a single thing.

These radical lunatics should be swept away together with rapidly changing global politics. They had their time, but their time is up! Au Revoir.

*(The views and opinions expressed in this article are those of the author.)*

> **သူတို့ရဲ့ ဇွဲ၊ လုံ့လကိုတော့ ချီးကျူးရမှာပါ။ သူတို့က နှစ်ပေါင်း ၈၀ ကျော်ကြာတဲ့အထိ မြန်မာနိုင်ငံကို ဆက်ပြီး တစ်စစီဖြိုဖို့၊ ခွဲဖို့ ကြိုးစားနေကြတုန်းလေ။ မြန်မာ့အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်း မိတ်ဆွေနိုင်ငံတွေနဲ့ နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ မြန်မာနိုင်ငံပြိုကွဲတာဟာ "သူတို့"၊ "သွေးခွဲ- အုပ်ချုပ်"ခဲ့တဲ့ သူတို့အတွက်ကလွဲလို့ ဘယ်သူ့အတွက်မှ အကျိုးမရှိဘူးဆိုတာ သတိထားသင့်ကြတယ်**

Supremo (အကြီးအကဲ) ကတော့ ပါးစပ်ပိတ်နေတယ်။ ဒီလိုရှေ့နေချုပ်ဆိုသူကို ရာထူးက နုတ်ထွက်ပေးဖို့ နည်းနည်းလေးတောင် မတောင်းဆိုခဲ့ဘူး။

ရှေ့နေချုပ်တွေနဲ့ တရားသူကြီးတွေအကြောင်း ပြောရရင် သူတို့ထဲက တစ်ယောက်က လန်ဒန်မှာ အမျိုးသမီးငယ်တစ်ဦးကို အိမ်ဖော်အဖြစ် အတင်းအကျပ်ခိုင်းစေမှု တစ်နည်းအားဖြင့် ခေတ်သစ်ကျွန်ပြုမှု (ကိစ္စအားလုံးမှာ ကျွန်ပြုတာမျိုး)နဲ့ စွဲချက်တင်ခံရပြီး ပြစ်ဒဏ်ချမှတ်ခံခဲ့ရတယ်။ ဒါပေမဲ့ နယူးယောက်နဲ့ ဂျီနီဗာက ဆင်စွယ်နန်းတော်ထဲက ကိုယ့်ကိုယ်ကိုယ် **"ဖြောင့်မှန်တယ်"**လို့ ထင်နေတဲ့ Supremo နဲ့ သူ့ရဲ့အပေါင်းပါတွေဆီက ပြစ်တင်ရှုတ်ချတဲ့စကား တစ်ခွန်းတစ်ပါဒမှ မကြားခဲ့ရဘူး။ တခြားသူတွေကို လက်ညှိုးထိုးတဲ့နေရာမှာ ချန်ပီယံတွေက သူတို့ကိုယ်တိုင်နဲ့ ပတ်သက်လာရင်တော့ ချန်ပီယံမဖြစ်ကြဘူးပေါ့။

ဒါ့အပြင် ဂျီနီဗာက နာမည်ကြီး အပုပ်နံ့တထောင်းထောင်းထနေတဲ့ အခန်းထဲမှာလည်း လွန်လွန်ကြူးကြူးရူးမူးနေသူတွေ ရှိပါသေးတယ်။ "Rapporteur" အထူးအစီရင်ခံစာတင်သွင်းသူဆိုတဲ့သူက ဝါရှင်တန်ဒီစီကနေ လက်ပစ်ဗုံးတွေ ပစ်နေတယ်။ အဂတိမကင်းတဲ့ စနစ်တစ်ခုကသာ မှားယွင်းတဲ့ နိုင်ငံသားတစ်ယောက်ကို ခန့်အပ်မှာပဲ။ ရုရှားနဲ့တရုတ်က ဒီလူကို ယုံကြည်ကြပါ့မလား။ လုံးဝမယုံကြည်ကြဘူး။ စိတ်မမှန်သူတွေက ဆင်ခြင်တုံတရားနဲ့ မစဉ်းစားကြဘူး။ ဘာလို့လဲဆိုတော့ နိုင်ငံတစ်နိုင်ငံ ရင်ဆိုင်နေရတဲ့ပြဿနာတွေကို ကူညီဖြေရှင်းဖို့ သူတို့မှာ တကယ်ပဲ စိတ်ဆန္ဒမရှိလို့ပါ။ သူ့ရဲ့တာဝန်သက်တမ်းကုန်သွားတာနဲ့ အဲဒီကိုယ်တိုင်ခန့်အပ်ထားတဲ့ SAC အဖွဲ့ထဲကို ဝင်ရောက်နိုင်ပါလိမ့်မယ်။

ဒီရက်ပိုင်း အထူးကိုယ်စားလှယ်ဆိုသူကြီးရော ဘယ်လိုနေလဲမသိဘူးနော်။ အဓိပ္ပာယ်မရှိတဲ့ အလုပ်တစ်ခုအတွက် ခရီးစဉ်တွေဖန်တီးရတာ ပျော်စရာကောင်းမှာပဲ။ သူတို့က ခရီးတွေထွက်ကြတယ်။ ထုတ်ပြန်ချက်တွေ ထုတ်ကြတယ်။ ဒါက သူတို့ခန့်အပ်ခံရတာကို ဆီလျော်ပါတယ်လို့ ပြနိုင်အောင်လုပ်ဖို့ ဆယ်စုနှစ်များစွာ ကျင့်သုံးခဲ့တဲ့ နည်းဗျူဟာဆိုပဲ။ သူတို့ထဲက တစ်ယောက်တလေမှ အရေးကိစ္စတစ်ခုလေးတောင် မအောင်မြင်ခဲ့ဘူး။

ဒီလွန်လွန်ကြူးကြူး ရူးမူးနေသူတွေကို ကမ္ဘာ့နိုင်ငံရေးရဲ့ လျင်မြန်လှတဲ့ အပြောင်းအလဲတွေနဲ့အတူ အကုန်လုံး လှည်းကျင်းဖယ်ရှားပစ်သင့်ပါပြီ။ သူတို့အတွက် အချိန်ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ အဲဒီအချိန်က ကုန်ဆုံးသွားပါပြီ။ သူတို့ခေတ်ကုန်ပြီ၊ တော်လောက်ပြီ။

Au revoir! (သွားလေဦးတော့လို့ နှုတ်ဆက်လိုက်ပါတယ်)။ ။

(၂၈- ၅ -၂၀၂၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ ဆောင်းပါးရှင် Kyaw Myint Tun (Paris) ၏ Radical Lunatics ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။)

> **ဒီလို "အထူးအခွင့်အရေး"တွေကို လက်လွှတ်ဖို့ခက်တာကြောင့်ပဲ ဒီလူတွေ ပျောက်ကွယ်မသွားနိုင်ကြတာ။ နောက်ထပ် ရာထူးနေရာတစ်ခုခုရဦးမလား ဆိုပြီး ရစ်သီရစ်သီလုပ်နေကြတယ်။ သူ့ကိုယ်သူဖော် မသူတော်လုပ်နေကြရတာတွေအားလုံးက သူတို့ကိုယ်တိုင်အတွက်ပါပဲ။ သူတို့နဲ့ သူတို့ရဲ့ အန်ကယ်ကြီး၊ အန်တီကြီးတွေဟာ "ဒီမိုကရေစီ" ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဆယ်စုနှစ်ပေါင်းများစွာ လိမ်လည်လှည့်ဖြားတဲ့ မူဝါဒတွေကို ကျင့်သုံးခဲ့ကြတယ်။ ကမ္ဘာ့တောင်ပိုင်းက ဆင်းရဲပြီး ဖွံ့ဖြိုးမှုနည်းပါးတဲ့နိုင်ငံတွေကို အနိုင်ကျင့်ခဲ့ကြတယ်။ ဒါပေမဲ့ ကမ္ဘာ့နိုင်ငံရေးကတော့ လွန်ခဲ့တဲ့ရက်သတ္တပတ် အနည်းငယ်အတွင်းမှာပဲ သိသိသာသာကို ပြောင်းလဲသွားပါပြီ**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံဒေသခရီးစဉ် ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၂၉

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ သီလဓမ္မကုန်းသာ တောရကျောင်းတိုက်မှ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇဘဒ္ဒန္တကောဝိဒ ဝစီပိတ် ဆရာတော်အား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ခရီးစဉ်ဒေသတစ်ခုဖြစ်သည့် ဗုဒ္ဓဥယျာဉ်သို့ လည်းကောင်း၊ လွိုင်မွေတောင်စခန်းသို့ လည်းကောင်း သွားရောက်ပြီး နှစ်စဉ်ချယ်ရီပန်းပွဲတော် ကျင်းပရာ ချယ်ရီပင်တန်း၊ အထင်ကရလွိုင်မွေနှစ်တစ်ရာစံအိမ်နှင့် လွိုင်မွေကန်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်ဒေသတစ်ခုဖြစ်သည့် ကျိုင်းတုံ ရေတံခွန်သို့ သွားရောက်လေ့လာခဲ့ပြီး ကျိုင်းတုံရေတံခွန်အနီးရှိ လူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT) ဟိုယန်း (လွယ်) ကျေးရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း လက်မှတ်ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ဆက်လက်၍ ကျိုင်းတုံမြို့ AMAZING KENG TUNG RESORT အစည်းအဝေးခန်းမ၌ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံပိုင်ဟိုတယ်များဖြစ်သည့် AMAZING KENG TUNG RESORT နှင့် ကျိုင်းတုံ ပါရာဒိုက်စ်ဟိုတယ်တို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဧည့်သည်ဝင်ရောက်မှု အခြေအနေများကို လည်းကောင်း၊ ကျိုင်းတုံ ဟော်နန်းအတွင်း ခင်းကျင်းပြသထားသည့် စော်ဘွားခေတ် အသုံး



အဆောင်များ၊ မှတ်တမ်းပုံများနှင့် သမိုင်းကြောင်းဆိုင်ရာများကိုလည်းကောင်း လေ့လာကြည့်ရှုပြီး ပြည်တွင်း၊ ပြည်ပ ခရီးသည်များအား စနစ်တကျ ရှင်းလင်းပြသနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လွိုင်ကော်မြို့ ရေနီကန်ကျေးရွာ၌ အလင်းတန်းစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

လွိုင်ကော် မေ ၂၉

လွိုင်ကော်မြို့ မထောခူကျေးရွာအုပ်စု ရေနီကန်ကျေးရွာ "အလင်းတန်း"စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရေနီကန်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်ကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကျောင်းသား ကျောင်းသူများ၏ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ ကယားတိုင်းရင်းသားရိုးရာ (၉) မျိုးအဖွဲ့၊ ခေတ်သစ် ကယားရိုးရာအဖွဲ့နှင့် ခနုအိုးစည်တီးဝိုင်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ယခု စာကြည့်တိုက်မှ စာပေများဖတ်ရှုခြင်းဖြင့် မိမိတို့၏ အသိပညာသာမက အခြားသော လူမှုစီးပွားဘဝများ



ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားကြရန်နှင့် စာကြည့်တိုက် ဖွံ့ဖြိုးရှင်သန်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စာကြည့်တိုက်အတွက် အလှူငွေများနှင့် သုတ၊ ရသ စာအုပ်မျိုးစုံ ၁၀၀၊ ရေနီကန်ကျေးရွာ ချမ်းမြေ့ရွှေပြည်ဘုန်းတော်ကြီးကျောင်းနှင့် စိန်မိုက်ကယ် ခရစ်ယာန်ဘုရားရှိခိုးကျောင်းတို့အတွက် အလှူငွေကျပ် ငါးသိန်းစီ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဗီရို၊ စားပွဲ၊ ပလတ်စတစ်ထိုင်ခုံများ၊ လူမှုရေးရာဝန်ကြီးက စေတနာရှင်၊ အလှူရှင်များကိုယ်စား သုတ၊ ရသ စာအုပ်မျိုးစုံ ၁၀၀၊ ကျေးရွာအလှူရှင်တစ်ဦးက ဗီရိုတစ်လုံးနှင့် စာအုပ် မျိုးစုံ ၄၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်ပေးခြင်းနှင့် စပ်လျဉ်း၍ ကျေးရွာပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကာ ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယခုဖွင့်လှစ်ခဲ့သည့် စာကြည့်တိုက်သည် မြန်မာနိုင်ငံ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ မတည်ခွင့်ပြုငွေ ကျပ်သိန်း ၁၅၀ ဖြင့် ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့်ဖွင့်လှစ်ခဲ့သော စာကြည့်တိုက်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# ပုဗ္ဗသီရိမြို့နယ်၌ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၂၉

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း လမ်း၊ တံတားများ ပြန်လည်ပြုပြင် တည်ဆောက်နေမှုကို မေ ၂၇ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့သည်။

## ကြည့်ရှုစစ်ဆေး

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် (မြို့ပြ) များဖြစ်ကြသည့် ဦးထွန်းဝေ၊ ဦးကျော်ကျော်ထွေး တို့က တိုင်း၊ ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ လမ်းပြုပြင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးမည့် တောင်သူလယ်သမားများနှင့် တွေ့ဆုံ

နေပြည်တော် မေ ၂၉

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးမည့် တောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ကူဆည်စု ကျေးရွာအုပ်စု ကျေးစာဥရွာ SMU ခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က သီးနှံများ ရည်မှန်းချက်ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေး၊ သွင်းအားစုများနှင့် မြေပဲဖတ်၊ နှမ်းဖတ်စသည့် သဘာဝမြေဩဇာများကို စနစ်တကျ တွက်ချက်၍ မှန်ကန်စွာ အသုံးပြုရန်နှင့် သဘာဝ မြေဩဇာများကို တွင်ကျယ်စွာ အသုံးပြုရေး၊ သီးထပ်စွမ်းအားများ တိုးတက်





ရေးတို့ကို တောင်သူများ လိုက်နာဆောင်ရွက်ရေးအတွက် အသိပညာပေးရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားရေးအတွက် ဆွေးနွေးပြောကြားခြင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက အရည်အသွေး ကောင်းမွန်သည့် ပေါ်ဆန်းမွှေးစပါး စိုက်ပျိုးနိုင်ရေးနှင့် စိုက်နည်းစနစ်များကို မှန်ကန်စွာ လိုက်နာနိုင်ရေး ဆွေးနွေးပြောကြားသည်။

## ထောက်ပံ့ပေးအပ်

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများ၏ ပေါ်ဆန်းမွှေးစပါး စိုက်ပျိုးနိုင်ရေး တင်ပြချက်များနှင့် စပ်လျဉ်း၍ နေပြည်တော် ကောင်စီဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ကျေးလက်နေ တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ရွက်ဖျန်းအားဆေးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်သူရဦး(ပြန်/ဆက်)**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# မြိတ်ခရိုင်အတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး သွင်းအားစုများ၊ ကော်ဖီ၊ ကိုကိုးပျိုးပင်များ ပေးအပ်ပွဲနှင့် မိုးစပါးပျက်စီးဆုံးရှုံးမှုအပေါ် သွင်းအားစုဖိုးလိုအပ်ငွေများ ချေးမြှင့်ပေးအပ်ပွဲ ကျင်းပ



မြိတ် မေ ၂၉

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြိတ်မြို့ပုလဲရတနာခန်းမ၌ ကျင်းပသည့် မြိတ်ခရိုင်အတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကျေးရွာများအတွက် သွင်းအားစုများပေးအပ်ခြင်း၊ ကော်ဖီ၊ ကိုကိုးပျိုးပင်များ အခမဲ့ပေးအပ်ခြင်းနှင့် ၂၀၂၄ ခုနှစ်အတွင်း ရာဂီမုန်တိုင်းမတိုင်မီ ရေကြီးရေလျှံမှုများကြောင့် တနင်္သာရီမြို့နယ်အတွင်း မိုးစပါး ၂၆၄၅ ဧက ပျက်စီးဆုံးရှုံးမှုအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် သွင်းအားစုစိုက်ထုတ်သုံးစွဲငွေ၏ ၂၅ ရာခိုင်နှုန်း ချေးမြှင့်ငွေပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီး ဒေသဝမ်းစာဖူလုံရေးအတွက် သီးနှံများပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ အခုလို မိုးစပါးစိုက်ပျိုးနေသည့်အချိန်ကာလတွင် ရေ၊ မြေ၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ၊ အရည်အသွေးပြည့်မီသည့် သွင်းအားစုများနှင့် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးနည်းစနစ်များဖြင့် မှန်ကန်စွာစိုက်ပျိုးဆောင်ရွက်နိုင်မှသာ အထွက်ကောင်းသည့် ရလဒ်များရရှိနိုင်မည်ဖြစ်သည့်အတွက် အကျိုးဆောင်တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုများကို ချေးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း။

ထို့ပြင် ဈေးကွက်ဝင် အမယ်သစ်သီးနှံများဖြစ်သည့် ကိုကိုး၊ ကော်ဖီ စသည့်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသည့် ကိုကိုး၊ ကော်ဖီပျိုးပင်များကို အခမဲ့ဖြန့်ဖြူးပေးလျက်ရှိရာ စိုက်ဧရိယာများ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် တောင်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်လာပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြိတ်ခရိုင်အတွင်းရှိ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကျေးရွာများအတွက် သွင်းအားစုများဖြစ်သည့် မျိုးစပါးဆင်းသုခ တင်း ၁၂၀၀၊ ကွန်ပေါင်းဓာတ်မြေဩဇာအိတ် ၆၀၀၊ သဘာဝမြေဩဇာအိတ် ၂၄၀၀ ကို အကျိုးဆောင်တောင်သူများအား ပေးအပ်ပြီး ကော်ဖီပျိုးပင် ၂၀၀၀၀၊ ကိုကိုးပျိုးပင် ၅၀၀၀ ကို နှစ်ရှည်သီးနှံစိုက်ပျိုးသူအကျိုးဆောင်ခြံရှင်များအား အခမဲ့ပေးအပ်သည်။

## ကြည့်ရှုအားပေး

ထို့အတူ ၂၀၂၄ ခုနှစ်အတွင်း ရာဂီမုန်တိုင်းမတိုင်မီ ရေကြီးရေလျှံမှုများကြောင့် တနင်္သာရီမြို့နယ်အတွင်း မိုးစပါး ၂၆၄၅ ဧက ပျက်စီးဆုံးရှုံးမှုအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် သွင်းအားစု စိုက်ထုတ်သုံးစွဲငွေ၏ ၂၅ ရာခိုင်နှုန်းဖြစ်သည့် တစ်ဧကငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ကျပ်သိန်း ၁၃၂၂ ဒသမ ၅၀ ချေးမြှင့်ပေးအပ်ရာ တောင်သူများကိုယ်စားတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက စိုက်ပျိုးရေးဦးစီးဌာန၏ တောင်သူပညာပေးပြခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**



## အင်္ဂပူမြို့နယ်၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်

အင်္ဂပူ မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ မိုးရာသီအကြိုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျောင်းကွင်းကျေးရွာအုပ်စုရှိ ဖားအောက်တောရဝင်းအတွင်း၌ ပြုလုပ်သည်။

ဦးစွာ ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်တာဝန်ရှိများက ပေးအပ်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသော်မွန်းကိုနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန္တာငွေးနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၂၁၀ ခန့်က ကျွန်းပင် ၁၅၀၊ ပျဉ်းကတိုးပင် ၁၀၀၊ ရေတမာပင် ၁၀၀၊ မန်ကျည်းပင် ၂၅၀၊ ကံ့ကော်ပင် ၁၅၀၊ မျောက်ငိုပင် ၁၀၀၊ ခရေပင် ၁၅၀၊ ယူကလစ်ပင် ၁၀၀ စုစုပေါင်းပျိုးပင် ၁၂၅၀ ကို စနစ်တကျ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဦးတည်အုပ်စုများအတွင်းထိုးနှံပေး

ရန်ကုန် မေ ၂၉



လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရန် ရည်ရွယ်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ယမန်နေ့နံနက်ပိုင်းက လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ကျန်းမာရေး ဆေးပေးခန်း၌ ထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ဦးတည်အုပ်စုများအတွင်း ထိုးနှံပေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းမာဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးပြီး လူစုလူဝေးများကို ရှောင်ရှားစေခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်သွားလာစေခြင်း၊ လက်ကို ဆပ်ပြာဖြင့် မကြာခဏဆေးကြောပေးခြင်း၊ အာဟာရမျှတအောင် စားသုံးပေးခြင်း စသည့်ကာကွယ်နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ကြစေရန်နှင့် ဖျားနာခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ လည်ချောင်းနာခြင်း စသည့် ရာသီတုပ်ကွေးလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ဆောလျင်စွာ ပြသစေလိုကြောင်း အသိပေး ပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဒဂုံတက္ကသိုလ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး



ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံတက္ကသိုလ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ် ပင်မအဆောက်အအုံ၌ ထိုးနှံပေးရာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်း၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများနှင့် ပါမောက္ခ ဆရာ/ ဆရာမများက ကြည့်ရှုအားပေးသည်။

### ထိုးနှံ

ထိုသို့ ထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမများက ဒဂုံတက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို လူဦးရေ ၇၀၀ အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ဖွဲ့မင်းထက်(ပြန်/ဆက်)**



## ပေါက်ခေါင်းမြို့နယ်၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပေါက်ခေါင်း မေ ၂၉

ပဲခူးတိုင်းဒေသကြီး(အနောက်) ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လေးကြီးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးနှင့် တာဝန်ရှိသူများက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဒေသခံပြည်သူများထံသို့ ပျိုးပင်များ ပေးအပ်သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၂၅ ဦးတို့က ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ မန်ကျည်း၊ မြန်မာကုက္ကိုနှင့် စိန်ပန်းကြီး စသည့်စုစုပေါင်းပျိုးပင် ၅၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **သန်းထွန်းအောင် (ပြန်/ဆက်)**

# ပုသိမ်မြို့၌ ငလျင်ဘေးသင့်ပြည်သူများအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပ




ပုသိမ် မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမတွင် ငလျင်ဘေးသင့်ဒေသများရှိပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည်။

**တစ်မိနစ်ငြိမ်သက်**

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော စေတနာရှင်၊ အလှူရှင်များသည် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် တိုင်းဒေသကြီးဖြစ်ရာ ငလျင်ဘေးသင့်ဒေသများအတွက် ဆန်အိတ်များနှင့် အခြားစားသောက်ဖွယ်ရာများ လှူဒါန်းလျက်ရှိပြီး ဆက်လက်လှူဒါန်းမည့် အလှူရှင်များအတွက်လည်း အလှူငွေနှင့် ပစ္စည်းများကိုလက်ခံ၍ ဆက်လက်ပေးပို့လှူဒါန်းပေးမည်ဖြစ်ကြောင်း၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့်ပြည်သူများအတွက် အလှူငွေများပေးအပ်ခဲ့ကြသည့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့တို့မှ ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ အလှူငွေများပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး မိသားစုက ပေးအပ်သော အလှူငွေများကို သယံဇာတရေးရာဝန်ကြီးက လည်းကောင်း၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် စေတနာရှင်ပြည်သူများက ပေးအပ်သော အလှူငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လည်းကောင်း လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပေးလျက်ရှိရာ ပထမအကြိမ်အနေဖြင့် လှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၁၂၀၈ ဒသမ ၅၀၅ သန်း လှူဒါန်းခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် လှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၆၂၇ ဒသမ ၁၁၃ သန်းကို ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် (ပထမအကြိမ်) ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများ ပေးအပ်ပွဲကျင်းပ

နေပြည်တော် မေ ၂၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ ကျောင်းသားကျောင်းသူများအတွက် (ပထမအကြိမ်)ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားကြမည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို ပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




# ရေးမြို့နယ်၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရေး မေ ၂၉

မွန်ပြည်နယ် ရေးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့(မြို့နယ်အဆင့်) အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမဆောင်၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ရေးမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးကြီး ကောင်းဇော်မြင့်နှင့် ရေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းတို့က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ရေးမြို့နယ် ပညာရေးမှူး ဦးမင်းထွေးဦးက ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပရခြင်းရည်ရွယ်ချက်နှင့် ကျောင်းအပ်နှံရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေသည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံတို့ကို တစ်ဦးချင်း ပေးအပ်သည်။

ရေးမြို့နယ်အနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာကျောင်း ၁၅၃ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း တစ်ကျောင်းတို့၌ ကျောင်းအပ်လက်ခံခြင်းကို မေ ၂၂ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့ထိ ကျောင်းသား ကျောင်းသူ ၃၆၅၀၈ ဦး လက်ခံဆောင်ရွက်ပြီးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

☆ **ချယ်လ်ဆီးမှ**

ဒါ့ပြင် ချယ်လ်ဆီးအသင်းဟာ ယူအီးအက်ဖ်အေကွန်းဖရန့်လိဂ် ဗိုလ်လုပွဲမှာ ဘတ်တစ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၂၀၀၂ ခုနှစ်နောက်ပိုင်း ဗိုလ်လုပွဲစဉ်တွေမှာ စပိန်အသင်းတွေကို အနိုင်ရတဲ့ ပထမဆုံး ပြည်ပကလပ်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

စပိန်အသင်းတွေဟာ ပြီးခဲ့တဲ့ဘောလုံးရာသီတွေက နောက်ဆုံး ဗိုလ်လုပွဲစဉ်တွေမှာ (၂၇)ကြိမ်အထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

❖ **အာရှဖလားမှ**

မြန်မာအသင်းပါဝင်သော အုပ်စု(B)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား ကူရိုဆာကီက ကိုင်တွယ်နေပြီး ပဏာမစာရင်းသမား ၃၀ ကျော်ဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

ကိုညီလေး



# ကြံခင်းမြို့၌ မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေး အသိပေးဆွေးနွေးပွဲကျင်းပ

ကြံခင်း မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ပူးပေါင်းပြီး မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် လူထုအခြေပြုလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်လုပ်ငန်းစီမံချက် အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ ကျန်းမာရေးဌာနခန်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှထွန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာတင်မောင်ထွေးက မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် လူထုအခြေပြုလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် လုပ်ငန်းစီမံချက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြတ်ဒါနစေတနာဆေးခန်း တာဝန်ခံ ဒေါက်တာသီဟဇော်က မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက် လူထုအခြေပြုလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် လိုအပ်လျက်ရှိသော ပံ့ပိုးကူညီမှုများကို ရွေးချယ်ထားသော စေတနာ့ဝန်ထမ်းလူငယ်များဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်က စီမံချက်ဆိုင်ရာလုပ်ငန်းများအား ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသောအချက်များအား မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

မိုးမိုး(ပြန်/ဆက်)

# မော်လမြိုင်မြို့၌ မွန်ပြည်နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

မော်လမြိုင် မေ ၂၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပြည်နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာန ဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အခြေခံပညာကို ဆုံးခန်းတိုင်သင်ယူနိုင်ရန်နှင့် ပညာသင်ကြားရန် ခက်ခဲသောကလေးများကို ပစ်ပယ်မထားဘဲ ကျောင်းတက်ရောက်ပညာသင်ကြားနိုင်ရေးအတွက် အကျိုးဆောင်များ၊ ကျောင်းသားမိဘများ၊ ပညာရေးဝန်ထမ်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများက ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်က ကျောင်းအပ်နှံမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဆရာ ဆရာမများက "စာသင်ကျောင်းက ခေါင်းလောင်းသံ" သီချင်းဖြင့် ကပြဖျော်ဖြေ၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများက ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေပေးသော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံများ၊ ကျောင်းဝတ်စုံများနှင့် အလှူရှင်များလှူဒါန်းသော ရေဘူး၊ ကျောပိုးအိတ်များနှင့် ထီးများကို ကျောင်းသား ကျောင်းသူများထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အလှူရှင်များက မွန်ပြည်နယ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ပညာရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "အနာဂတ်လူရည်မွန်" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။



အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အမှတ်(၉)အခြေခံပညာအထက်တန်းများ၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသို့လာရောက်အပ်နှံသော ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ရေဘူးနှင့် ကျောင်းဝတ်စုံများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပညာသင်စရိတ်ချီးမြှင့်ငွေနှင့် ကျောင်းသုံးဗလာစာအုပ် ပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ ဌာနများမှ ဝန်ထမ်းများ၏ သားသမီးများ အတွက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ ပညာသင်စရိတ် ချီးမြှင့်ငွေနှင့် ကျောင်းသုံးဗလာစာအုပ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။




## ချီးမြှင့်ငွေများပေးအပ်

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ကျောင်းနေအရွယ်ကလေးများ အားလုံး ကျောင်းနေနိုင်ရေး မိဘများအနေဖြင့် အခက်အခဲများ လျော့ပါးစေရန်နှင့် ကလေးများ အားလုံး စိတ်ချမ်းသာ ပျော်ရွှင်စွာဖြင့် ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်ပြောကြားကာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် KG မှ Grade-5 ထိ၊ Grade-6 မှ Grade-9 ထိ၊ Grade-10 မှ Grade-12 ထိနှင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အတွင်းရေးမှူး ဦးခင်မောင်ဆန်းက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် Grade-10 မှ Grade-12 အထိနှင့် KG မှ Grade-9 အထိ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံး ဗလာစာအုပ်များ ပေးအပ်ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်တို့က ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ ဌာနများမှ ဝန်ထမ်းများ၏သားသမီး စုစုပေါင်း ၄၅၇ဦး ရှိပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ချီးမြှင့်ငွေနှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၃၁၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# ဒိုက်ဦးမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

ဒိုက်ဦး မေ ၂၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အောင်ရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒိုက်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ဒိုက်ဦးမြို့နယ်ပညာရေးမှူး ဦးမင်းကျော်ညဏ်ခိုင်က ကျောင်းအပ်နှံရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒိုက်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်များ၊ ဒိုက်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်းဝင်းက အခမဲ့ဖြန့်ဝေပေးသည့် ကျောင်းဝတ်စုံများနှင့် စာသင်ခန်းသုံး သင်ထောက်ကူပစ္စည်းများ၊ ဒိုက်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးတင်ထွဋ်မြင့်က ဘောပင်နှင့် ခဲတံများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)



# ညောင်ဦးမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ညောင်ဦး မေ ၂၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ညောင်ဦးခရိုင် အခြေခံပညာဦးစီးဌာန ခရိုင်ပညာရေးမှူး ဦးကျော်ဝင်းက ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် ညောင်ဦးခရိုင်ပညာရေးမှူး ဦးကျော်ဝင်းတို့က ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးစာအုပ်/စာရေးကိရိယာများကို ပေးအပ်ကြရာ ညောင်ဦးမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

ဒီပါလင်း

စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂၄) အကြီးစားစက်ရုံ(ဒဂုံ)တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက္ကသိုလ်နှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းတို့တွင် ပညာသင်ကြားနေသော သားသမီး ကျောင်းသား ကျောင်းသူ ၅၅ ဦးအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို မေ ၂၉ ရက်က ထောက်ပံ့ပေးအပ်စဉ်။ သတင်းစဉ်



# ပဲခူးမြို့၌ ပညာသင်ဆုနှင့် သင်ထောက်ကူပစ္စည်းများ ချီးမြှင့်ပေးအပ်ပွဲကျင်းပ



**ပဲခူး မေ ၂၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ မေ ၂၉ ရက် မွန်းလွဲပိုင်းက ဝန်ထမ်းမိသားစု သား/သမီးများအား ပညာသင်ဆုကြေးနှင့် သင်ထောက်ကူပစ္စည်းများ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝန်ထမ်းမိသားစု သား/သမီးများအား ပညာသင်ဆုကြေးနှင့် သင်ထောက်ကူပစ္စည်းများ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တက္ကသိုလ်တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုကြေးနှင့် သင်ထောက်ကူပစ္စည်းများကို လည်းကောင်း၊ အစိုးရအဖွဲ့ဝင် တာဝန်ရှိသူများက အခြေခံပညာအထက်တန်း/ အလယ်တန်း/ မူလတန်း ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုကြေးနှင့် သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ရာ၊ ကျောင်းသား ကျောင်းသူ ဝန်ထမ်းမိဘများကိုယ်စား ကျောင်းသားမိဘတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး အဆင့်မြင့်ပညာသင် ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အထက်တန်းပညာသင် ကျောင်းသား ကျောင်းသူ ၂၃ ဦး၊ အလယ်တန်းပညာသင်ကျောင်းသား ကျောင်းသူ ၂၉ ဦး၊ မူလတန်းပညာသင် ကျောင်းသား ကျောင်းသူ ၆၆ ဦးနှင့် မူလတန်းကြို ပညာသင်ကျောင်းသား ကျောင်းသူ ၁၁ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၄၃ ဦးအတွက် ပညာသင်ဆုကြေး ငွေကျပ် ၁၇၀၆၀၀၀၀ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မော်လမြိုင်မြို့နယ်၌ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနား ကျင်းပ

**မော်လမြိုင် မေ ၂၉**

မော်လမြိုင်မြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ် (၉) အခြေခံပညာ အထက်တန်းကျောင်း ဦးသာညွှင်းခမ္ဘာရုံ၌ ကျင်းပသည်။

ဦးစွာ မော်လမြိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မော်လမြိုင်မြို့နယ်တာဝန်ခံ မြို့နယ်ပညာရေးမှူး ဦးအောင်ညွန့်က ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပညာရေးဝန်ကြီးဌာနမှ အခမဲ့ဖြန့်ဝေပေးသော ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံများ၊ ကျောင်းဝတ်စုံများနှင့် ဆင်းရဲချို့တဲ့ကလေးများကို ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် အလှူရှင်များက လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းခဲ့ကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းအပ်နှံရေး သီတင်းပတ်ဖြစ်သော မေ ၂၂ ရက်မှ ၂၉ ရက်အထိ မော်လမြိုင်မြို့နယ်အတွင်း ကျောင်းအပ်နှံထားရှိသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၀၈၆၇ ဦး အပ်နှံထားရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကျိုက်မရောမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**ကျိုက်မရော မေ ၂၉**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့က အထက ကျိုက်မရော (ပညာအားမာန်)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်မရော မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးဦးက အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စုစုဌေးက ကျောင်းအပ်နှံရေးနေ့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကျောင်းအုပ်ကြီးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# တိုက်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**တိုက်ကြီး မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းဝတ်စုံများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ သက်သာချောင်ချိရေးကို အထောက်အကူပြုစေရန်အတွက် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ပေးအပ်**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခိုင်မာအေးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူ ၇၀ အတွက် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောပင်နှင့် ထီးစသည့် စုစုပေါင်းပစ္စည်းနှင့်ငွေသားတန်ဖိုးငွေကျပ် ၃၉၁၁၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တန့်ယန်းမြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့မိသားစုများ၏ သားသမီးများအား ပညာသင်စရိတ် ပေးအပ်

**တန့်ယန်း မေ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့ မိသားစုများ၏ သား၊ သမီးများအား ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုးက ပညာသင်စရိတ် ပေးအပ်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး တက္ကသိုလ်အဆင့် ရှစ်ဦး၊ အထက်တန်းအဆင့် သုံးဦး၊ အလယ်တန်း အဆင့် ကိုးဦး၊ မူလတန်းအဆင့် ၁၆ ဦး၊ မူလတန်းကြို သုံးဦး စုစုပေါင်း ၃၉ ဦး တို့အား ပညာသင်စရိတ်များ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**




# သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး မေ ၂၉**

ရှမ်းပြည်နယ်အတွင်းရှိ ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေသော သမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကလောမြို့နယ် သမဝါယမဦးစီးဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ရေး ကွင်းဆင်းမှာကြားခဲ့သည်။



ဆက်လက်၍ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကလောမြို့နယ်ရှိ “ရွှေကလော” အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်မှ ဖွင့်လှစ်ထားရှိသည့် ဆန်အရောင်းဆိုင်အား ကြည့်ရှု၍ လိုအပ်သည့် ငွေကြေး၊ အရင်းအနှီးများ ရရှိစေရေး သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံ ပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင် ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သောတပန်ရပ်ကွက်နှင့် နန်းဦး မြို့သစ်တို့ရှိ ဘုရားစေတီပုထိုးများနှင့် သာသနိက အဆောက်အအုံအပျက်အစီးများကို မိုးမကျမီ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရား အင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့်ဖယ်ရှား ရှင်းလင်းနေမှုများ၊ အဖွဲ့အစည်းအသီးသီးက လုပ်အားပေးရှင်းလင်းဖယ်ရှားနေမှုများနှင့် ပြန်လည် ပြုပြင်မွမ်းမံနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်တာဝါတိုင်စခန်း သို့သွားရောက်၍ တာဝါတိုင်ကြွဲခိုင်မှု၊ ရုပ်သံ ထုတ်လွှင့်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ ငလျင်ဒဏ်သင့် နေအိမ်အဆောက်အအုံအပျက် အစီးများကို မိုးမကျမီဖယ်ရှားရှင်းလင်းနိုင်ရေး အတွက် စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများကို



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် အမရပူရမြို့နယ် ဆုတောင်းပြည့် မြတ်စွာဘုရား၌ ပြိုကျပျက်စီးနေသည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူ များသည် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ အမှတ်(၃) ရပ်ကွက်ရှိ သမိုင်းဝင်ဆုတောင်းပြည့် ပေါင်းလဲကြီး(မဟာရွှေသာလျောင်း) မြတ်စွာဘုရား နှင့် နဂါးရုံဘုရားတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးခဲ့သောအပျက်အစီးများအား ဖယ်ရှား ရှင်းလင်းပြီးစီးမှု၊ ရှေးဟောင်းစေတီအပျက်အစီး များအား ဖယ်ရှားရှင်းလင်းရာမှ ရှာဖွေတွေ့ရှိရသော ဌာပနာတော်များ ထိန်းသိမ်းထားရှိမှုတို့ကို သွားရောက်ကြည့်ရှု၍ အလှူငွေပေးအပ်လှူဒါန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး သည်။

ထို့နောက် မဟာအောင်မြေမြို့နယ်အတွင်းရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံများအား ဖြိုချပြီး အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှု၊ ဖြိုချဖျက်ဆီးဆဲအန္တရာယ်ရှိ အဆောက်အအုံများ၌ စက်ယန္တရားကြီးများ အသုံးပြု ၍ အင်တိုက်အားတိုက် ရှင်းလင်းရေးဆောင်ရွက်နေမှု များကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့တူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများ သည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နန်းမြို့ရိုး သို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ သော လွန်ကဲတံခါး၊ ပြာသာဒ်နေရာများနှင့် ကျုံး၏ အရှေ့တောင်ထောင့်ရှိ ငလျင်ဒဏ်ကြောင့် မြေအောက်သို့ နိမ့်ဝင်သွားသောနတ်ကွန်းအား ပြန်လည်မတင်ခြင်းလုပ်ငန်းများ၊ ချမ်းမြသာစည် မြို့နယ် တမ္ပဝတီရပ်ကွက်၊ အမရပူရမြို့နယ် မှန်တန်းရပ်၊ ကွမ်းသီးတန်းရပ်နှင့် ချမ်းအေးသာစံ မြို့နယ် အောင်နန်းအနောက်ရပ်တို့ရှိ ငလျင်ဒဏ် ကြောင့် ထိခိုက်ပျက်စီးသွားသောအပျက်အစီးများ အား ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ဘောဂဝတီရပ်ကွက်ရှိ မဟာဂန္ဓာရုံ ကျောင်း၌ မုခ်ဦးပြုပြင်နေမှုများ၊ စာချကိုယ်တော် များအတွက် ကျောင်းဆောင်နှင့် ဆွမ်းစားဆောင် ကြမ်းခင်းများ ပြုပြင်နေမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေး၍ လုပ်အားပေးဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများပေးအပ်ပြီး ကျောင်းထိုင် ဆရာတော်အား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကျောက်ဆည်မြို့ရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲ(မြင်စိုင်း) ကျောင်းဝင်း အတွင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု၊ အင်ရောင်းကျေးရွာရှိ အင်ရောင်းဆေးဝါးစက်ရုံတွင် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးမှုနှင့် ပြန်လည် ပြုပြင်နေမှု၊ မင်းစုကျေးရွာရှိ အိမ်သုံးစတီးပစ္စည်း စက်ရုံ(မင်းစု)တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီး မှုအခြေအနေများနှင့် စက်ရုံလုပ်ငန်းများ ပြန်လည် လည်ပတ်နေမှု၊ စဉ့်ကိုင်မြို့နယ် ဩ့ပြကျေးရွာအုပ်စု မက္ခရာကျေးရွာ မက္ခရာရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ စေတီတော်ကြီးများ ငလျင်ဘေးဒဏ် ကြောင့် ထိခိုက်ပျက်စီးမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Maypwint Phyu” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန် တိုင်းဒေသကြီး ဒလမြို့နယ် မြို့မ အပိုင်း(၄)ရပ်ကွက်နေ မေပွင့်ဖြူ(ခ) မိုက်အား မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ဒလမြို့မရဲစခန်း၌ တရား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

## သာစည်မြို့နှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

နေပြည်တော် မေ ၂၉

သာစည်မြို့နှင့် တာချီလိတ် မြို့နယ်တို့၌ စိတ်ကြွရူးသွပ် ဆေးပြားများ သိမ်းဆည်းရမိ ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတား ဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၆ ရက် ည ၁၁ နာရီခွဲတွင် သာစည်မြို့နယ် ကွဲ့တပ်ဆုံ ကျေးရွာအနီးတွင် ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမှ ရန်ကုန်သို့ မောင်းနှင်လာသည့် Yutong အမျိုးအစား ခရီးသည် တင် Express ယာဉ်ပေါ်ပါ ခရီးသည် မနန်းအေးဟွမ်၊ မနန်းရွှေပွင့် (ခ) မခမ်းမော်၊ မမိုးပွင့်ဖြူ (ခ) ယွန်းယွန်း၊ မနန်းအေးအီနှင့် စိုင်းအိုက်



ယေရမိနှင့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

ရွှေအောင်တို့ထံက စိတ်ကြွ ရူးသွပ်ဆေးပြား ၁၀၀၀၀၀ (ဒေသ ကာလတန်ဖိုး ငွေကျပ်သိန်း ၁၅၀၀)နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့ သည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် မေ ၂၇ ရက် နံနက် ၁၀ နာရီတွင် သတင်းအရ သက်သေများနှင့် အတူ တာချီလိတ်မြို့နယ် ဝမ်လုံး ကျေးရွာအုပ်စု လွယ်စတုံ (အောက်) ကျေးရွာအနီး၌ ယေရမိ နှင့် လုကာတို့ မောင်းနှင် လာသည့် ဆိုင်ကယ်များအား ရုပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၅၀၀၀၀၀ (ဒေသ ကာလတန်ဖိုး ငွေကျပ်သိန်း ၂၀၀၀)နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် မွန်းလွဲ ၃ နာရီတွင် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ် မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(ပြင်) ဘုန်းကြီး ကျောင်းအနီး လမ်းမပေါ်၌ ကျန္နူး၊ ရှေမနှင့် အိုက်ပေါင်း (ခ) အိုက်ပေါင်လော်တို့ မောင်းနှင် လာသည့် ဆိုင်ကယ်များ အား ရုပ်တန့်စစ်ဆေးရှာဖွေ ရာ စိတ်ပြောင်းဆေးဝါး Methamphetamine (ICE) ငါး ကီလို (ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၅၀၀) နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေး ယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရ သည်။

သတင်းစဉ်

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေ များအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင် ပါသည်။

## နိုင်ငံတော်သြဝါဒါစရိယ ဂဏဝိမုတ်ကူးတို့ဂိုဏ်း ဒုတိယဂဏာဓိပတိ ဆရာတော် ဘဒ္ဒန္တသူရိယ (အဘိဓဇ မဟာရဋ္ဌဂုရု) သက်တော်(၉၆)နှစ်၊ သိက္ခာ (၇၆)ဝါရှိ မဟာထေရ်မြတ်ကြီးဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် မေ ၂၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ဇေယျဝတီကျောင်းတိုက် တိုက်အုပ် နိုင်ငံတော်သြဝါဒါစရိယ ဂဏဝိမုတ်ကူးတို့ဂိုဏ်း၊ ဒုတိယဂဏာဓိပတိ ဆရာတော် ဘဒ္ဒန္တသူရိယ (အဘိဓဇမဟာရဋ္ဌဂုရု) သက်တော်(၉၆)နှစ်၊ သိက္ခာ(၇၆)ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း (၃)ရက်၊ မေ (၂၉)ရက်၊ ကြာသပတေးနေ့၊ နံနက် (၀၀:၁၉) အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမစျာပနအခမ်းအနားကို ဇွန် ၂ ရက် တနင်္လာနေ့ မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့ ညောင်ရမ်းတောင်ရပ်ကွက် ဘုန်းကြီးပျံကုန်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီး နှစ်ပါးတို့အား ထပ်ဆင့်ချီးကျူးဂုဏ်ပြုသည့် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၂၉

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယ ဆရာတော်ကြီး နှစ်ပါးတို့အား ထပ်ဆင့်ချီးကျူးဂုဏ်ပြုသည့် ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။



ဦးစွာ“နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ သြဝါဒါစရိယ တိပိဋကသြဝါဒါစရိယ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု သ. စ. အ ဓမ္မာစရိယ ပါဠိပါရဂူ ဘဒ္ဒန္တသိရိန္ဒာဘိဝံသထံမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးအောင်ဇေယျလင်းက ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာစကားလျှောက်ထားသည်။

ယင်းနောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး နှစ်ပါးတို့၏ ထေရုပ္ပတ္တိကို ဂေါပကအဖွဲ့ရုံးဌာနခွဲမှူး ဦးအောင်မြင့်ထွန်းက ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရတိပိဋကနိကာယ မဟာဂန္ထဝင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝါယာ မိန္ဒာဘိဝံသတို့အား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသထံမှ အနုမောဒနာ တရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## တီးတိန်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနား ပြုလုပ်

တီးတိန် မေ ၂၉

ချင်းပြည်နယ် တီးတိန်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို တီးတိန်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ပြီး တီးတိန်မြို့နယ် ဦးစီးမှူးရုံး လူဝင်မှုကြီးကြပ်ရေးနှင့်




ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၀ ကို ဒေသခံပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးမိုး**

## ဒေးဒရဲ မြို့နယ်အတွင်း ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်



ဒေးဒရဲ မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဟန်ဝင်းစိုး ဦးဆောင်မှုဖြင့် မြို့နယ်အတွင်း ရေယာဉ်ခရီးသွားပြည်သူများနှင့် မြစ်ချောင်းများအနီးရှိ ပြည်သူများအား ယနေ့နံနက်ပိုင်းက ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် လက်တွေ့ဇာတ်တိုက်လေ့ကျင့်မှုဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေးဒရဲမြို့နယ်မီးသတ်ဦးစီးမှူး ဦးဟန်ဝင်းစိုးနှင့် သန္နေအရန်မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရန် နည်းလမ်းများ၊ မိမိကိုယ်ကိုကာကွယ်နိုင်ရန် အသက်ကယ်အင်္ကျီဝတ်ဆင်ခြင်းနည်းလမ်းများနှင့် ကယ်ဆယ်ရေးနည်းလမ်းများကို လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**ရွှေဦးသာ**

## နိုင်ငံတော်သြဝါဒါစရိယ ဂဏဝိမုတ်ကူးတို့ဂိုဏ်း ဒုတိယဂဏာဓိပတိဆရာတော် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပိန္နဲတောရပ်ကွက် ဇေယျဝတီကျောင်းတိုက် တိုက်အုပ် ဘဒ္ဒန္တသူရိယ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့နယ် တလိုင်းတောင်ကျေးရွာ ခမည်းတော် ဦးဘဦး + မယ်တော် ဒေါ်နှင်းရုံတို့မှ ၁၂၈၂ ခုနှစ် ဝါခေါင်လဆန်း(၁)ရက် သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၃ ခုနှစ်၊ ထားဝယ်မြို့နယ်၊ ဇလွန်းကျေးရွာ၊ ဇလွန်းအရှေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမန (ဆဋ္ဌဂဏဝိမုတ်ကူးတို့ဂိုဏ်းချုပ်)ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ပစ္စယာ နုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၁)ရက်နေ့တွင် ထားဝယ်မြို့နယ်၊ ဇလွန်းကျေးရွာ၊ အရှေ့ကျောင်းတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ထားဝယ်မြို့နယ်၊ ဇလွန်းကျေးရွာ၊ ဇလွန်းအရှေ့ကျောင်းဆရာတော်၊ ထားဝယ်မြို့၊ ဇေယျဝတီကျောင်းတိုက်ဆရာတော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်၊ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံကျောင်းတိုက်ဆရာတော်၊ မန္တလေး၊ အနောက်ပြင်၊ တောင်သမန်တိုက်၊ မဟာမြိုင်ကျောင်းဆရာတော်၊ ဝေယံဘုံသာကျောင်းတိုက်ဆရာတော်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော်၊ ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာ့သိပ္ပံကျောင်းဆရာတော် စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် “သာသနဓဇသိရီပဝရဓမ္မာစရိယ” ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ထားဝယ်မြို့၊ ဇေယျဝတီစာသင်တိုက်၌ ၁၃၁၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်အထိ စာချသက်တမ်း (၇၁) နှစ်တိုင် စာသင်သားရဟန်းသာမဏေတို့အား နေ့ဝါ ညဝါ ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူခြင်း၊ တောင်ပွားဆရာတော်၏ အလုပ်ပေးတရား၊ ဇေယျဝတီရှင်ကျင့်ဝတ်နှင့် လူကျင့်ဝတ်၊ ဇေယျဝတီစိန်ရတုသဘင် အထိမ်းအမှတ်စာစောင်၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်း စည်းမျဉ်းဥပဒေစာတမ်း၊ ဇေယျဝတီဝိပဿနာဘာဝနာကျမ်း၊ ဥပမာပေါင်းစုံ တရားရိပ်မြုံကျမ်းစာတို့ကိုရေးသားပြုစုတော်မူခဲ့ခြင်း၊သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃာ့ဝန်ဆောင်၊ တိုင်း/မြို့နယ်ဝိနည်းဓိုရ် တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဥ္ဆနဂုဏ်၊ ရတ္တညျူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ခမာဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၄ ခုနှစ်တွင် **“အဘိဓဇမဟာရဋ္ဌဂုရု”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၆)နှစ်၊ သိက္ခာ(၇၆)ဝါအရ ၁၃၇၇ ခုနှစ်၊ နယုန်လဆန်း(၃)ရက်၊ (၂၉-၅-၂၀၁၅)ရက်၊ ကြာသပတေးနေ့၊ နံနက် (၀၀:၁၉) အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမစျာပနအခမ်းအနားကို (၂-၆-၂၀၁၅)တနင်္လာနေ့ မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့၊ ညောင်ရမ်းတောင်ရပ်ကွက်၊ ဘုန်းကြီးပျံကုန်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

*** ကျော့ဖုံးမှ**

**ခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ ဇွန် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သောကြောင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၉-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃၀-၅-၂၀၂၅ ရက်နေ့မှ ၃၁-၅-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၂၉-၅-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁-၆-၂၀၂၅ ရက်နေ့မှ ၂-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသောငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့် ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်)မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## သားအဖြစ်မှ အပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရေကျော်ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ တိုက်(၁၅)၊ (၃)လွှာနေ ဦးမျိုးမြင့်အောင် [၁၂/ဥကမ(နိုင်)၀၇၃၈၈၇] နှင့် ဒေါ်နွယ်နီမြင့် [၁၂/ဥကမ(နိုင်)၁၂၁၀၁၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ သားဖြစ်သူ မောင်တေဇအောင်[၁၂/ဥကမ(နိုင်) ၁၉၀၅၃၃]သည် ကျွန်ုပ်မိတ်ဆွေ မိသားစုဝင်များနှင့်အတူတကွ နေထိုင်ခြင်းမရှိဘဲ ၎င်း၏မိသားစုဝင်များနှင့်သာ သီးခြားနေထိုင်သူတစ်ဦးဖြစ်ပါသည်။ ယခုအခါ မောင်တေဇအောင်သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကို ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝသည် မိသားစုဝင်များနှင့် လုံးဝ(လုံးဝ) သက်ဆိုင်ခြင်းမရှိဘဲ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ ထို့အပြင် ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးမျိုးမြင့်အောင်၊ ဒေါ်နွယ်နီမြင့်နှင့် မသီရိမြင့်အောင်တို့၏ စီးပွားရေး၊ လူမှုရေးနှင့် ဂုဏ်သိက္ခာတို့အား ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ ဆက်သွယ်ရေးကွန်ရက်အားအသုံးပြု၍သော်လည်းကောင်း၊ အခြားသောလူမှုကွန်ရက်များမှ တစ်ဆင့် မဟုတ်မမှန်စွပ်စွဲပြောဆိုခြင်း၊ ဖြန့်ဝေခြင်း၊ လွှင့်တင်ခြင်းစသော ကိစ္စရပ်များအား မပြုလုပ်ပါရန်နှင့် အကယ်၍ပြုလုပ်ခဲ့မည်ဆိုပါက ပြုလုပ်ဆောင်ရွက်သူမည်သူကိုမဆို တည်ဆဲဥပဒေကြောင်းများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **LL.B, DBL, DIL,MA(Business Law)** | **LL.B (စဉ်-၅၀၅၉၅)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ** |
| **ဖုန်း -၀၉-၄၃၀၉၄၆၇၂** | **ဖုန်း-၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း (B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါတင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 19(T)/DPTSC(PSD)/2025-2026 | ဓာတ်အားလိုင်းသုံး ဆက်စပ်ပစ္စည်းများ ဝယ်ယူရန်။ |
| ခ | 20(T)/DPTSC(PSD)/2025-2026 | Solar-Energy Aircraft Obstruction Lamps including power supply ဝယ်ယူရန်။ |
| ဂ | 21(T)/DPTSC(PSD)/2025-2026 | 230/66/11kV, 100MVA Three Phase Power Transformer (၁)လုံး ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက်(၁၂-၆-၂၀၂၅)ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ (၈/၃)၊ သဇင်(၂)လမ်း၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့မှ ဒေါ်ဝင်းဝင်း (HGU- ၀၀၈၀၀၃)အမည်ဖြင့် ချထားပေးသော၊ မြေကွက်ကြီးအမှတ် (၈/၃) အိမ်ရာကွက်ငယ်အမှတ် (၂၁၃)၊ မြေကွက်အကျယ် (၄၀')x(၆၀') မြေအပါအဝင် အကျိုးခံစားတစ်ရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ- ဦးအောင်ဆန်းလင်း (ဘ) ဦးကျော်မြင့်ဆွေ [၁၂/လကန (နိုင်) ၁၄၄၄၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးချင်ကင်လုံး [၁၂/အလန (နိုင်) ၀၁၈၀၆၄]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဥ္ဇူအေးသိန်း(LL.B )**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်- ၁၂၂၅၇)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။ ၀၉-၅၀၄၁၄၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၃၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ်- (၃၆၇/ခ) ဟုခေါ်တွင်သော (၂၀x၆၀) ပေရှိ ဒေါ်ဌေးဌေးရီ [၁၀/မလမ (နိုင်) ၀၃၇၅၈၉] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား အိမ်နှင့်မြေကို အမည်ပေါက်ဖြစ်သူ ဒေါ်ဌေးဌေးရီမှ လက်ဝယ်ထားပိုင်ဆိုင် အကျိုးခံစားလျက်ပြီး မိမိမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေသကြိန်(LLB) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၄၄)**
**ဖုန်း- ၀၉-၄၂၇၄၁၁၁၄၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၊မြေကွက်အမှတ်-၃၈၂၊ဇရီယာ(၀.၀၂၈)ဧက၊မြေကွက်တည်နေရာအမှတ်(၃)၊နဝဒေးလမ်း၊(၂)ရပ်ကွက် မရမ်းကုန်းမြို့နယ်၊ဒေါ်မြင့်မြင့်သန်း(၉/မနမ(နိုင်)၀၁၁၃၇၆)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်-ဒေါ်မြင့်မြင့်သန်းကိုယ်တိုင်မှ နိုင်ငံသားစိစစ်ရေးကတ်၊နှစ်(၆၀)မြေငှားဂရန်တို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာမြေရာဇဝင်မှတ်ချက်ရှိ(၂၀၀၃)ခုနှစ်ဘဏ်ချေးမြေပုံကူးမှတ်ချက်နှင့်ပတ်သက်၍(၂၀၀၃)ခုနှစ်ကဘဏ်ငွေချေးရန်အတွက်မြေပုံမြေရာဇဝင်မူရင်းကိုလျှောက်ထားထုတ်ယူခဲ့ပါကြောင်း ထိုသို့လျှောက်ထားထုတ်ယူခဲ့ခြင်းမှာ(AWB)ဘဏ်တွင်ငွေချေးနိုင်ရန်အတွက် လျှောက်ထားခဲ့ခြင်းသာဖြစ်ပြီးအဆိုပါမြေပုံမြေရာဇဝင်မူရင်းမှာဘဏ်တွင် ငွေမချေးဖြစ်ခဲ့သဖြင့်အသုံးပြုခဲ့ရခြင်းလုံးဝမရှိဘဲမိမိလက်ဝယ်တွင်ပင်သိမ်းဆည်းထားရာမှအထားအသိုမှားယွင်းကာပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ပါကြောင်းထို့ပြင်နှစ်(၆၀)ဂရန်မူရင်းမှာလည်းမိမိလက်ဝယ်ရှိပါကြောင်းအဆိုပါမြေပုံမြေရာဝင်မူရင်းနှင့်အထက်ပါမြေကွက်တို့အားအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်းရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊စွန့်လွှတ်ထားခြင်း၊လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့လုံးဝမရှိပါကြောင်းနှင့်အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါကလည်းမိမိအပေါ်တွင်သာတာဝန်ရှိပါကြောင်းနှင့်မိမိကသာတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်းကျမ်းကျိန်လွှာအမှတ်-၄/၅၂၂/၂၀၂၅(၁၀-၄-၂၀၂၅)တို့တင်ပြလာပါသဖြင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ဥတု ရာသီ တောကို မှီ၏**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုငွေဖြင့် တင်ဒါခေါ်ယူ ဆောင်ရွက်မည့်လမ်း၊ တံတားလုပ်ငန်း (၁၀)ခုအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည် -

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၃၀-၅-၂၀၂၅ ရက် |
| တင်ဒါပုံစံပိတ်မည့်ရက် | - | ၁၂-၆-၂၀၂၅ ရက်၊ (၁၆:၀၀) နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | - | အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန (လမ်း/တံတား)၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း - ၀၆၇-၄၃၂၀၃၇၊

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်နေ ဦးအောင်ကိုကို [၆/ကသန(နိုင်)၀၇၇၆၃၂]နှင့် ဒေါ်သူဇာမင်း [၆/ထဝန(နိုင်) ၀၆၈၀၃၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးအောင်ကိုကိုနှင့် ဒေါ်သူဇာမင်းတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၃၁-၁၂-၂၀၁၉)ရက်နေ့မှစ၍ တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သည့်အပြင် ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်သောကြောင့် (၂၃-၅-၂၀၂၅)ရက်နေ့တွင် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"ကို မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒအရ အသိသက်သေများရှေ့မှောက်တွင် ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးအောင်ကိုကိုနှင့် ဒေါ်သူဇာမင်းတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးအောင်ဇာနည်စိုး(LL.B.)(D.I.R)** | **ဦးသိန်းနိုင်စိုး(LL.B.) (D.I.R)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၀၁၃၀)** | **အထက်တန်းရှေ့နေ(စဉ်- ၅၃၆၉၇)** |

**အမှတ်(၁၀၄)၊ (A-2)၊ အာသောကလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၀၀၅၂၄၀၈၅၊ ၀၉-၂၅၄၉၂၈၅၉၈**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ (၁၀)လမ်း၊ အမှတ် (၂၁၄)၊ ဦးအောင်ရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်ရှိ ပေ(၂၀x၆၀) အနက်မှ (အလျား ၁၀ ပေx အနံ ၆၀ ပေ)၊ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သန်းစိန် [၁၂/ဥကတ(နိုင်)၀၁၅၂၁၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမှုရင်းများ ယူဆောင်လာပြီး ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမင်း (LL.B) (D.B.L) (DL-101 WIPO)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၅၂၁)**
**တိုက်(၉/၁၁)၊ ပထမထပ် (ဘယ်)၊ အခန်း (၁၀၁/စီ)၊ ၃၆လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၉၀၅၉၃၀၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ရွှေပေါက်ကံ၊ အောင်ရာဇာလမ်း၊ အမှတ်(၃၀၇) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဦးဝင်းမောင်မောင် [၁၂/ဥကမ(နိုင်)၁၆၀၈၃၇]နှင့် ဒေါ်အေးသီတာအောင် [၁၀/မဒန(နိုင်)၀၁၈၇၃၃] နှစ်ဦး အမည်ပေါက် နှစ်(၆၀) ဂရန်မြေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း (၂၀x၆၀)ပေရှိ မြေနှင့်နေအိမ်အား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်နေအိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းအေး[၆/မအရ(နိုင်)၀၀၄၈၀၈]၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ဇော်ဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၈၂)**
**အမှတ်(၁၅)၊ ခိုင်ရွှေဝါလမ်း၊ မြဥယျာဉ်စိုက်ပျိုးရေးခြံ၊ (၄)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၈၄၆၅၈၇၁၊ ၀၉-၉၅၃၀၁၀၇၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၆)၊ မြေကွက်အမှတ် (၇၃၈)၊ မြေကွက် တည်နေရာ အမှတ် (၇၃၈)၊ ဂျိုးဖြူလမ်း၊ ၆၆ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးသာအောင်(ခ)သာဒင် [၁၂/ရကန(နိုင်)၀၃၆၅၉၈] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးသာအောင်(ခ)သာဒင် (ဖခင်)ဖြစ်သူသည် (၂၀-၈-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်စိန်ညိုသည် (၁၀-၁၁-၂၀၁၁)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏ သားသမီး (၅)ဦးဖြစ်သူ ၁။ ဒေါ်စောတင်ဝင်း၊ ၂။ ဒေါ်စိန်မြင့်၊ ၃။ ဒေါ်မြင့်မြင့်စိန်၊ ၄။ ဦးဝေယု၊ ၅။ ဒေါ်ယုယုဆွေတို့ဖြစ်ကြပြီး ၁။ ဒေါ်စိန်မြင့်[၁၂/ရကန(နိုင်)၀၃၅၅၄၂]၊ ၂။ ဒေါ်မြင့်မြင့်စိန် [၁၂/ဗဟန(နိုင်)၀၄၇၁၉၆]တို့၏ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထွေထွေကိုယ်စားလှယ်အမှတ် ၇၄၂၂/၂၀၂၂ (၉-၅-၂၀၂၂)ဖြင့်လည်းကောင်း၊ ၁။ ဦးဝေယု[၁၂/တမန(နိုင်) ၀၀၂၉၉၉]၊ ၂။ ဒေါ်ယုယုဆွေ [၁၂/တမန(နိုင်)၀၀၃၀၀၀]တို့၏ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထွေအထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၇၄၂၁/၂၀၂၂ (၉-၅-၂၀၂၂)တို့ဖြင့်ရရှိသူ ဒေါ်စောတင်ဝင်း [၁၂/ရကန(နိုင်) ၀၃၆၅၅၆] ကိုယ်စားနှင့်ကိုယ်တိုင်မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြောင်း၊ အခြားသော သား/သမီးမွေးချင်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား မိမိတို့မောင်နှမ (၅)ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ် ၃/၁၀၈၆/၂၀၂၄ (၁၉-၃-၂၀၂၄) အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိခင်ဖခင်သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ- ၇၄၂၂/၂၀၂၂ နှင့် ၇၄၂၁/၂၀၂၂ တို့အား ကိုယ်စားလှယ်လွှဲသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာ ယနေ့တိုင်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်- ၃/၁၀၉၁/၂၀၂၄ (၁၉-၃-၂၀၂၄)၊ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်/စွန့်လွှတ် မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက် ၇၃၇ နှင့်တစ်ဆက်တည်း အုတ်တံတိုင်းကာထားပြီး ကိုယ်တိုင်မနေ၊ ဒေါ်စောတင်ဝင်းမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် GP ဒေါ်စောတင်ဝင်းမှ ကိုယ်တိုင် + ၎င်းတို့၏ ပိုင်ဆိုင်/စွန့်လွှတ်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သုံးဆယ်မြို့ ၊ ဈေးရပ်ကွက်၊ လမ်းမတော်လမ်း၊ ခြံအမှတ် (၈)တွင်နေထိုင်သော ဦးအောင်ဘိုဘိုဝင်း [၇/သဝတ(နိုင်)၀၆၂၈၄]နှင့် ဒေါ်သူဇာသွင် [၇/သဝတ(နိုင်)၀၇၉၁၈၈]သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number - T/2025/002067 ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည်-

SN
Shwe Nan Thit
ရွှေနန်းသစ်
စိန်ရွှေရတနာရွှေဆိုင်

**လျှောက်လွှာနံပါတ်- T/2025/002067**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် Gems & Jewellery ဆိုင်များ၊ နိုင်ငံတကာအဆင့်မီ GIA စိန်ထည်အမျိုးမျိုး၊ အရည်အသွေးမြင့် ကျောက်ထည်/ စိန်ထည်အမျိုးမျိုး၊ ရွှေ ပလက်တီနမ်၊ ပတ္တမြား၊ နီလာ၊ မြ၊ ပုလဲ အစရှိသည့် လက်ဝတ်ရတနာထည်များအား မိမိတို့ကိုယ်တိုင်ဖန်တီး၍ ရောင်းချသည့်ဆိုင်ခန်းများဖွင့်လှစ်ခြင်းနှင့် ရွှေပန်းထိမ်လုပ်ငန်းများအား ရန်ကုန်မြို့အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်သွားမည့်အပြင် မိမိတို့၏ဝန်ဆောင်မှုလုပ်ငန်းတိုင်းတွင်လည်း လုပ်ငန်းသုံးအမှတ်တံဆိပ်အနေဖြင့် အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အားမည်သည့်ပုံစံဖြင့်မဆို မှိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသားပုံစံတူပြုလုပ်ခြင်း၊ လုပ်ငန်းတူလုပ်ကိုင်ခြင်း၊ အမည်တူ/ လုပ်ငန်းတူဆိုင်ခန်းများဖွင့်လှစ်ခြင်း၊ တစ်နည်းနည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက် ကြရန်သတိပေးတားမြစ်ပါသည်။ မှိုငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ လိုအပ်သလို တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ဘိုဘိုဝင်း နှင့် ဒေါ်သူဇာသွင် တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့် (LL.B,D.B.L,D.I.L,D.M.L)** | **ဒေါ်ဇင်မာအောင် (LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၆၄၆)** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## အမည်ပြောင်း

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.လ.က(၃) Grade(1)မှ (အဖ) ဦးငွေးထွန်းလှ[၃/ဘအန (နိုင်) ၂၅၀၄၃၄]၏ သမီး မိပနီဝန်ချမ်းအား မမြင့်မြင့်မွန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမြင့်မြင့်မွန်**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့နယ်၊ အ.ထ.က(၁)၊ Grade-11 (R-8)တွင် ပညာသင်ကြားနေသော မောင်ဝေလျှံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးချိန်ရင်လို [၁၃/ကခန(နိုင်) ၀၃၈၃၇၇] ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၇)ရပ်ကွက်၊ သီရိမင်္ဂလာကျောင်းလမ်း၊ အမှတ် (၁၂၂၄/ခ)နေ ဦးထွန်းလွင်ဦး [၁၂/လမန (နိုင်) ၁၂၃၄၅၁]၏ သား မောင်ရှိုင်းသီဟအား မောင်ရှိုင်းကိုကိုလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပိတောက်အိမ်ရာ၊ အမှတ်(PV-48)၊ ဧရိယာ (၃၂၉၄) စတုရန်းပေရှိမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော အဆောက်အဦ ဧရိယာ (၂၅၅၂)စတုရန်းပေရှိ ရေ၊ မီးစုံ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်ယဉ်မြင့်အေး [၁၃/ဟပတ(နိုင်) ၀၁၂၃၄၇]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီး ဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသက်ပိုင်ကို (LL.B)** | **ဦးမင်းခန့်ကျော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၆၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၈၁၉)** |

**အမှတ်(၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၄၆၀၈၅၉၄၊ ၀၉-၄၀၄၀၈၀၄၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၇၄၊ စက်မှုဇုန်-၄ (အနံ့ဇုန်)၊ မြေကွက်အမှတ်-၁၄၇+၁၄၈၊ မြေအကျယ်အဝန်း (၆၀x၈၀)ပေစီရှိ ပါမစ်မြေဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၇၄)ရပ်ကွက်၊ ရန်ကုန်လမ်း၊ အမှတ် (၁၄၇+၁၄၈)ဟုခေါ်တွင်သော မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက် (၂)ကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိန်မင်း [၁၂/သခန(နိုင်)၀၀၁၇၂၈] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက် (၂) ကွက်နှင့် နေအိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက် (၂)ကွက်နှင့် နေအိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L] အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့(၂)ရပ်ကွက်၊ မြေကွက်အမှတ်(၅၉၀)၊ အိုးအိမ်ပါမစ်မြေအမျိုးအစား ပေ(၄၀x၆၀)ရှိ မြေကွက်လွတ်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ဝယ်ထားရှိကာ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူ ဒေါ်ကေဇင်ထက် [၁၂/ပဇတ(နိုင်)၀၃၃၆၈၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မီမီသက် [၁၂/စခန(နိုင်)၀၆၄၇၇၈]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ၊ သက်သေအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အရောင်းအဝယ်ပြုလုပ်သည့်မြေကွက်အား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မီမီသက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွေးနွေးအိ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၅၂၅)**
**အမှတ်(ထ/၁၀၅)၊ ဘုရင့်နောင်လမ်းမ၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့နယ်။ ဖုန်း-၀၉-၂၆၀၄၀၂၀၀၃**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အကွက်အမှတ် (၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(၇+၈+၉)ရှိ ဧရိယာ(၁.၂၄)ဧကရှိ ဂရန်အမှတ်တွဲအမှတ်-RPNO-၀၂၀/V/၂၀၁၇-၂၀၁၈ (၁၄-၈-၂၀၂၀- ၁၃-၈-၂၀၃၀)အရ ဦးလှကြည် အမည်ပေါက် ဂရန်မြေအတွင်းမှ မြေကွက်အမှတ်(၂၂)၊ မြေဧရိယာ (၂၀x၆၀)ပေရှိ ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဒေါ်ဇင်ဝင့်နွယ် (ဘ) ဦးတင်ဝင်း [၁၂/တမန(နိုင်)၁၂၂၇၀၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မီမီစိုး (ဘ) ဦးကျော်ခင် [၁၂/တမန(နိုင်)၁၃၃၇၂၄] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောဂရန်စာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မီမီစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၁၈၅၁၆၇**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့(၁)၊ အေးမေတ္တာရပ်ကွက်၊ ဘောဂလမ်းသွယ်၊ မြေကွက်အမှတ်(၁၅၂၂)၊ မြေဧရိယာ(၄၀x၆၀)ပေရှိ ဦးမြစိုး (ဘ)ဦးထွန်း အမည်ပေါက် စလစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးမြစိုး(ဘ)ဦးထွန်း (HLG-၀၃၈၉၃၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခါမရာ(ဂျ်) (ဘ) ဦးဘင့်မလားလ် [၉/မကန(နိုင်)၀၅၂၇၄၄]ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစလစ်စာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း- ၀၉-၅၁၈၅၁၆၇**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ မြေနီကုန်းရပ်ကွက်၊ အကွက်အမှတ်(၇၃)၊ မြေနီကုန်း၊ ဦးပိုင်အမှတ် (၅၃/င/၁)၊ ဧရိယာ (၀.၀၆၆)ဧကရှိ ဘိုးဘွားပိုင်မြေကွက်သည် မြေစာရင်းဦးပိုင် (၁-က) မှတ်ပုံတင်စာရင်းအရ ဒေါ်ကြည်ကြည်ငွေးအမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ပြီး ဒေါ်ကြည်ကြည်ငွေးထံမှ ဦးလှဝင်းခိုင်သည် မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အိမ်နှင့်မြေအရောင်းအဝယ်စာချုပ်အမှတ်- ၂၂၁/၂၀၂၅ ဖြင့် ဝယ်ယူခဲ့ပြီး ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန် ဤရုံးသို့တင်ပြလျှောက်ထားလာပါသဖြင့် ၎င်း၏လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ သတင်းစာတွင်ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း မော်လမြိုင်မြို့၊ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရရှိပါက ဦးလှဝင်းခိုင်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

## BTJV Myanmar Company Limited

**Appointment of the liquidator of the company Pursuant to section 152(a)of the Insolvency Law and Rule 15 of the Insolvency Rules (Members' Voluntary Winding Up)**

At the Special General Meeting of the Company held as "Visio Meeting" on 23 May 2025 a Special resolution was passed to place the Company into Voluntary liquidation. For carrying out the liquidation, Daw Thida Cho Win holding NRC number 5/Nga Za Na (Naing) 038662 was appointed as liquidator/Insolvency Practitioner and the appointment with effect from 27 May 2025.

၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် "Visio Meeting" ဖြင့် ကျင်းပသည့် အထူးအစည်းအဝေးတွင် ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ပါသည်။ ကုမ္ပဏီအား ဖျက်သိမ်းမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ် [၅/ငဇန(နိုင်)၀၃၈၆၆၂]ကိုင်ဆောင်ထားသော ဒေါ်သီတာချိုဝင်းအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ /Insolvency Practitioner အဖြစ် ၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် ခန့်အပ်ခဲ့ပြီးဖြစ်သည်။

**For and on behalf of BTJV Myanmar Co., Ltd.**
**Mr. Denis Louis Claude AVERLAN** **Mr. Tatsuya SUGAWARA**

## BTJV Myanmar Company Limited

**Voluntary Liquidation with the consent of the shareholders**

At the Special General Meeting of the Company held as "Visio Meeting" on 23 May 2025 a Special resolution was passed to place the Company into Voluntary Liquidation. For carrying out the liquidation, Daw Thida Cho Win holding NRC number 5/Nga Za Na (Naing)038662 was appointed as liquidator/ Insolvency Practitioner with effect from 27 May 2025.

We hereby declare that any person owing debts and liabilities to the Company shall claim or pay them from the liquidator by 30 Jun 2025 at the latest.

၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် "Visio Meeting" ဖြင့် ကျင်းပသည့် အထူးအစည်းအဝေးတွင် ကုမ္ပဏီအားဆန္ဒအလျောက် ဖျက်သိမ်းရန် အထူးဆုံးဖြတ်ချက်ကို အတည်ပြုခဲ့ပါသည်။ ကုမ္ပဏီအားဖျက်သိမ်းမှုလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ် [၅/ငဇန(နိုင်)၀၃၈၆၆၂]ကိုင်ဆောင်ထားသော ဒေါ်သီတာချိုဝင်းအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ /Insolvency Practitioner အဖြစ် ၂၀၂၅ ခုနှစ်၊ မေလ၂၇ ရက်နေ့တွင် ခန့်အပ်ခဲ့ပြီးဖြစ်သည်။

ကုမ္ပဏီသို့ ကြွေးမြီများရှိသည့်မည်သူမဆိုနှင့် ကုမ္ပဏီမှပေးဆပ်ရမည့်အကြွေးများအတွက် ကြွေးရှင်မည်သူမဆို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထားပြီး စာရင်းရှင်းသူထံသို့ ဆက်သွယ်ရှင်းလင်းဆောင်ရွက်ရမည်ကို အသိပေးကြေညာအပ်ပါသည်။

**Daw Thida Cho Win**
**Liquidator**
**BTJV Myanmar Company Limited**
**#706/708, 7B, Gonyi Residence, Corner of Upper Pansodan Road & Myanma Gonyi Street, Mingalar Taung Nyunt T/S, Yangon.**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-ဒီ)၊ ရွာမအရှေ့ရပ်ကွက်၊ မင်းကြီးလမ်း၊ မြေကွက်အမှတ်(၂၄)၊ အိမ်အမှတ်(၁၀၈) ဟုခေါ်တွင်သော(၃၀ပေx၆၀ပေ)အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော BN တစ်ထပ်ခွဲအိမ်(ရေ+မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော ဦးမြတ်ထွန်း[၁၂/ကမရ(နိုင်)၀၄၇၃၆၉]မှ ၎င်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းထားသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါသဖြင့် ကန့်ကွက်လိုသူများရှိပါက(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါ ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်ပပခိုင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၄၈၇၃)**
**ဖုန်း-၀၉-၄၂၁၀၂၀၇၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အေးသိဒ္ဓိ(၂)လမ်း၊ အမှတ်(၁၄၇/က) ဟုခေါ်တွင်သော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀- E ရွာမ၊ မြေကွက်အမှတ်-၁၃/က၊ (၀.၁၁၃ ဧက) အကျယ်ရှိ မြေပိုင်မြေကွက်နှင့်တကွ ထိုမြေကွက်ပေါ်ရှိ RC ၁ ထပ် အဆောက်အဦတို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် **ဒေါ်ခင်သိန်းကြည် (ဘ-ဦးအေးမောင်) [၁၂/အစန(နိုင်)၁၁၈၈၇၁]** မှ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပြီး၊ ထိုမြေပိုင်မြေကွက်နှင့်တကွ RC ၁ ထပ်အဆောက်အဦတို့အား သမီးအရင်းဖြစ်သူ **ဒေါ်အေးအေးမြတ် (ဘ-ဦးသန်းမြင့်)[၁၂/အစန(နိုင်)၁၁၈၈၇၀]**အား မိခင်၏ချစ်ခြင်းမေတ္တာဖြင့် အပိုင်ပေးကမ်းမည်ဖြစ်သဖြင့် ထိုကဲ့သို့ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းအပေါ် ကန့်ကွက်ရန် တစ်စုံတစ်ရာရှိပါက ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဤမေတ္တာဖြင့်ပေးကမ်းခြင်းအား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ဆုံးခန်းတိုင်အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလင်းဇာနည်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၁၂)**
**အမှတ် (၁၂)၊ ၅၄ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၂၉၃၄၅၆၆၊ ၀၉-၄၄၃၁၁၃၆၄၇**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot | လုပ်ငန်းအမည် |
|---|---|---|
| (က) | Lot-1- | ပုဗ္ဗသီရိမြို့၊ ကွေ့ကြီးသုသာန် မီးဖိုအမှတ်(၂) မီးခံအုတ်အသစ်လဲလှယ်ပြုပြင်ခြင်း (၁၀'x၆'x၅')၊ လယ်ဝေးမြို့၊ စမ်းကလေးသုသာန်မီးဖိုအမှတ်(၂) မီးခံအုတ် အသစ်လဲလှယ် ပြုပြင်ခြင်းလုပ်ငန်း (၁၀'x၆'x၅')၊ ပုဗ္ဗသီရိမြို့၊ ကွေ့ကြီးသုသာန်ရှိ မီးသင်္ဂြိုဟ်စက် အဆောက်အဦအမိုးလဲလှယ်ခြင်း (၅၀'x၄၀')၊ မျက်နှာကြက်လဲလှယ်ခြင်း (၅၀'x၄၀') နှင့် မျက်နှာကြက် ဆေးသုတ်ခြင်း၊ |
| ( ခ ) | Lot-2 - | ပုဗ္ဗသီရိအမှိုက်ကွင်းတွင်အသုံးပြုရန် Excavator (21 Tons)(၁)စီး ဝယ်ယူခြင်း (Brand: Komatsu, Operating Weight: 21700kg, Engine Model: Komatsu SAA6D107E-1, Horse power:123 KW@2000 rpm, Capacity: KOMTRAX System, Shoes: 700mm, Others Attachment: ROPS Steel Cap Air-con)! |
| ( ဂ ) | Lot-3 - | ပုဗ္ဗသီရိမြို့၊ ကွေ့ကြီးသုသာန်အဝင်လမ်းအား ကွန်ကရစ်လမ်းခင်းခြင်း(၄၆၀၀'x၁၈'x၈'')၊ |
| (ဃ) | Lot-4 - | လယ်ဝေးမြို့ ၊ လယ်ဝေးအမှိုက်ကွင်း(တလုတ်ပင်) အဝင်ရိုစာလမ်း ဖောက်လုပ်ခြင်း (၄၀၀၀'x၁၈'x၁')၊ |
| ( င ) | Lot-5 - | တပ်ကုန်းမြို့၊ တပ်ကုန်းအမှိုက်ကွင်း(မြို့မ)အတွင်း ပတ်လမ်းရိုစာခင်းခြင်း(၁၀၀၀'x၁၈'x၁')၊ |
| | | - ပုဗ္ဗသီရိအမှိုက်ကွင်းအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း(၁၀၀၀'x၁၈'x၈'')၊ |
| | | - ပုဗ္ဗသီရိအမှိုက်ကွင်းအတွင်းပတ်လမ်းရိုစာခင်းခြင်း (၂၀၀၀'x၁၈'x၁')၊ |
| ( စ ) | Lot-6 - | ၂၄၀လီတာဆံ့အမှိုက်ပုံး(၁၀၀)လုံးနှင့် ၁၂၀လီတာဆံ့ အမှိုက်ပုံး(၁၀၀)လုံး ဝယ်ယူခြင်း၊ |

၂။ တင်ဒါပုံစံရောင်းချမည့်ရက်၊ တင်ဒါပုံစံပိတ်မည့်ရက်နှင့် တင်ဒါပေးသွင်းရမည့်နေရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

( က ) တင်ဒါပုံစံရောင်းချမည့်ရက် -(၃၀-၅-၂၀၂၅)ရက်နေ့မှ (၁၂-၆-၂၀၂၅)ရက်နေ့အထိ၊
( ခ ) တင်ဒါပုံစံပိတ်မည့်ရက် -(၁၂-၆-၂၀၂၅)ရက်နေ့၊ (၁၆:၀၀)နာရီ၊
( ဂ ) တင်ဒါပေးသွင်းရမည့်နေရာ -ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ။

၃။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၄၅၂၅ သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မိဘများ၏အမည်မှန်အား အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ အင်္ဂပူလမ်း၊ အမှတ်(၈)တွင် နေထိုင်သူ ဦးချစ်ကိုကို [၅/မရန(နိုင်)၀၁၁၈၃၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အ-ထ-က(၂)တွင် Grade-12 တက်ရောက်မည့် မောင်ကြယ်စင်ခန့် [၁၂/စခန(နိုင်)၀၈၇၈၀၀]၏ မိဘ အမည်မှန်များမှာ ဦးလွင်မောင်မောင်ထွန်း [၅/မရန(နိုင်)၁၂၇၉၆၈]နှင့် ဒေါ်အေးသော်တာကို [၅/မရန(နိုင်)၁၄၃၂၇၈]တို့ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချစ်ကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ဆွေဝင်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၇၅၅)**
**အမှတ် (၄၈)၊ မိုးမခလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ - ၄၄၀၂၂၃၈၂၇**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ထွယ်ဆန်နယ်မြေ(၂)၊ လမ်းသွယ်(၁၀)၊ အိမ်အမှတ်(၁၉၅)နေသူများ ဦးလဝေါမ်(ခ)မာလ[၁၃/နခန(နိုင်) ၀၅၂၃၆၈] နှင့် ဒေါ်နူးဆန့်[၁၃/မဆတ(နိုင်)၀၂၇၁၆၈]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

၁။ မွေးစားသမီးဒေါ်အက်(စ်)တာ[၁/မကန(နိုင်)၁၅၉၅၂၈]ကိုင်ဆောင်သူသည် မိဘများ၏ဆိုဆုံးမခြင်းကို နာခံခြင်းလုံးဝမရှိဘဲ မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်သည့်အပြင်၊ မိဘများခွင့်မလွှတ်နိုင်သောကိစ္စများကို ၎င်း၏ဆန္ဒအလျောက် အကြိမ်ကြိမ်အခါခါ ကျူးလွန်ပြုလုပ်ခဲ့ပါသောကြောင့် မိဘများအနေဖြင့် ၂၀၂၄ ခုနှစ်၊ မေလ (၁၉)ရက်နေ့ ကြေးမုံသတင်းစာမှတစ်ဆင့် **"သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းပါ ခေါင်းစဉ်"**နှင့် ဒေါ်အက်(စ်)တာနှင့် ပတ်သက်သောကိစ္စအဝဝကို လုံးဝ (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ဒေါ်အက်(စ်)တာ မှ မိမိဘာသာပြုလုပ်သော ပြုလုပ်မှုများ/ ပျက်ကွက်မှုများ/ ကျူးလွန်မှုများသည် ဒေါ်အက်(စ်)တာ တစ်ဦးတည်းနှင့်သာ လုံးဝသက်ဆိုင်ပါသည်။ အဘွားဖြစ်သူ၊ မိဘများဖြစ်သူ၊ ရင်သွေးငယ်များ၊ အခြားမိသားစုဝင်များနှင့် လုံးဝ(လုံးဝ)သက်ဆိုင်မှုမရှိပါ။

၃။ ဒေါ်အက်(စ်)တာပြုလုပ်မှု/ပျက်ကွက်မှု/ကျူးလွန်မှုများကို အကြောင်းပြု၍ အဖွားဖြစ်သူ၊ မိဘများဖြစ်သူ၊ ရင်သွေးငယ်များနှင့် အခြားမိသားစုဝင်များအပေါ် ခြိမ်းခြောက်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်း ကျဆင်းအောင်ပြောဆိုရေးသားဖြန့်ဝေခြင်း၊ အနှောင့်အယှက်ပြုခြင်း၊ စိတ်ငြိုငြင်စေခြင်းအပြင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် ထိခိုက်နစ်နာစေခြင်းများပြုလုပ်သည့်အပြင် ဒေါ်အက်(စ်)တာနှင့် မသက်ဆိုင်သော ပစ္စည်းများအပေါ် ဆုံးရှုံးပျက်စီးနစ်နာခြင်းစသော ပြုလုပ်မှုများ ပြုလုပ်သူမည်သူကိုမဆို တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လုမိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၇၅)(၁၁-၄-၂၀၂၄)**
**အမှတ်(၃/၄၉)(အီး)၊ မန်ခိန်ရပ်ကွက်၊ မြစ်ကြီးနားမြို့။**
**ဖုန်း-၀၉-၇၉၂၅၉၃၅၉၆၊ ၀၉-၂၃၅၇၃၅၄၈၃**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

